ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်၊ သောကြာနေ့။ Friday, 16 February 2024 ၁၁၃၇၇

**ချမ်းသာခြင်းအကြောင်းတရား**

သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏၊ အခိုင်အမြဲတည်သော သဒ္ဓါတရားရှိခြင်းသည် ချမ်းသာ၏၊ အသိဉာဏ်ပညာကို ရခြင်းသည် ချမ်းသာ၏၊ မကောင်းမှုကို မပြုခြင်းသည် ချမ်းသာ၏။

နာဂဝဂ်(ဓမ္မပဒ-၃၃၃)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထား ဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြောင်းလဲတိုးတက်နေသည့် နည်းပညာများနှင့်အညီ လိုက်ပါအသုံးပြုပြီး ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို အမြင်သစ်၊ အသွင်သဏ္ဌာန်အသစ်များ ဖန်တီးထုတ်လုပ်မှုများနှင့် ပိုမိုဆန်းသစ်တင်ဆက်နိုင်အောင် ကြိုးပမ်းဆောင်ရွက်

## ပြည်သူတွေ အားကိုးအားထားပြုရသည့် တိုင်းကျိုးပြည်ပြု ဝန်ဆောင်မှုပြုနေသည့် မြန်မာနိုင်ငံ၏ စတုတ္ထမဏ္ဍိုင်တစ်ခုဖြစ်အောင် ကြိုးပမ်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၁၅

မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော မီဒီယာဌာနကြီးတစ်ခုဖြစ်သည့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၈)နှစ်မြောက်နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရုံးချုပ်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ပြီး ဂုဏ်ပြုအမှာစကား ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှဝန်ထမ်းများနှင့် တာဝန်ထမ်းဆောင်ခဲ့ကြသည့် အငြိမ်းစားဝန်ထမ်းများ၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**



ကြေးမုံ

# တိုင်းပြည်ချစ်စိတ်ဖြင့် အကောင်းဆုံးကြိုးပမ်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ပြည်ပနိုင်ငံများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများအား ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် တွေ့ဆုံပြီး သံတမန်လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် တိုင်းပြည်ချစ်စိတ်ဖြင့် အတတ်နိုင်ဆုံး၊ အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားခဲ့သည်။

သံတမန်သည် အချုပ်အခြာအာဏာပိုင် အခြားတိုင်းပြည်တစ်ပြည်သို့ မိမိတိုင်းပြည် အစိုးရကိုယ်စား တရားဝင်စေလွှတ်ခန့်အပ်ခြင်းခံရသည့် ပုဂ္ဂိုလ်ဖြစ်သည်။ သံတမန်များသည် နိုင်ငံ့ဝန်ထမ်းများဖြစ်၍ အစိုးရအတွက်မဟုတ်ဘဲ နိုင်ငံအတွက် အလုပ်လုပ်သူများဖြစ်သည်။ တစ်နိုင်ငံနှင့်တစ်နိုင်ငံ နိုင်ငံရေးအရသော်လည်းကောင်း၊ စီးပွားရေးအရသော်လည်းကောင်း ဆက်ဆံရာ၌ အလွန်အရေးပါသော ပုဂ္ဂိုလ်များဖြစ်သည်။ တိုင်းပြည်အကျိုးစီးပွားကိုရှေးရှု၍ နိုင်ငံတော်အပေါ် သစ္စာရှိစွာထမ်းရွက်ကြသူများဖြစ်သည်။

ကမ္ဘာ့နိုင်ငံများတွင်ရှိသည့် ဝန်ထမ်းများသည်လည်း ပါတီနိုင်ငံရေး ကင်းရှင်းရမည်ဖြစ်ကြောင်း ဥပဒေအရ ပြဋ္ဌာန်းထားသည်။ မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)တွင်လည်း ဝန်ထမ်းများသည် ပါတီနိုင်ငံရေးကင်းရှင်းရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။ ဝန်ထမ်းများသည် ၎င်းတို့ထောက်ခံသည့်ပါတီကို မဲပေးနိုင်သော်လည်း လုပ်ငန်းတာဝန်ထမ်းဆောင်မှုအပေါ်တွင် သက်ရောက်မှုမရှိရန် သတိပြုရသည်။ ပါတီနိုင်ငံရေးနှင့် နိုင်ငံ့တာဝန်ထမ်းဆောင်မှုကို စည်းခြားပြီး နိုင်ငံတော်၏အကျိုးကို သစ္စာရှိစွာ ထမ်းရွက်ကြရသည်။ မြန်မာနိုင်ငံတွင် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲကို အကြောင်းပြု၍ နိုင်ငံ့ဝန်ထမ်းအချို့သည် ပါတီနိုင်ငံရေးတွင် ပါဝင်ခဲ့ကြသည်ကို တွေ့မြင်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး နိုင်ငံတကာအသိုင်းအဝိုင်းနှင့် အဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်နေသောနိုင်ငံဖြစ်သည်။ နိုင်ငံ၏ပထဝီအနေအထားအရ လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးလျက်ရှိသည်။ အိမ်နီးချင်းနိုင်ငံများနှင့်ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပေါ်နေသောအခြေအနေများကို မျက်ခြည်မပြတ်ဘဲ မြန်မာနိုင်ငံက ချမှတ်ထားသော မူဝါဒများကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ကြရသည်။ ၂၀၂၀ ပြည့်နှစ်တွင် ဖြစ်ပေါ်ခဲ့သော နိုင်ငံရေးပဋိပက္ခများကို အကြောင်းပြု၍ မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများ၊ ဖိအားပေးမှုများရှိနေချိန်တွင် သံတမန်များအနေဖြင့် ရှေ့တန်းမှ နိုင်ငံ့အကျိုးစီးပွားအတွက် ကြံ့ကြံ့ခံကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်နှင့် လူမျိုးအပေါ် သစ္စာရှိစွာဖြင့် တာဝန်သိစိတ်၊ တိုင်းပြည်ချစ်စိတ်များဖြင့် ထမ်းဆောင်ကြရမည်ဖြစ်သည်။ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ စီးပွားရေးမြှင့်တင်နိုင်ရေးအတွက် မျက်ခြည်မပြတ် ဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာရေး၊ နိုင်ငံသူ နိုင်ငံသားများ အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်မှုရရှိစေရေး၊ ပြည်ပရောက်မြန်မာနိုင်ငံသားများ လုံခြုံစိတ်ချမှုရှိစေရေး ဆောင်ရွက်ပေးကြရသည်။ ပြည်ပရောက်မြန်မာနိုင်ငံသားများသည် မည်သို့အခြေအနေရှိသည်ဖြစ်စေ မြန်မာနိုင်ငံသားများပင် ဖြစ်သည့်အတွက် ကြုံတွေ့နေရသည့် အခက်အခဲများကို တတ်နိုင်သမျှ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံသားတိုင်းသည် အကြောင်းအမျိုးမျိုးကြောင့် ပြည်ပနိုင်ငံများသို့ ရောက်ရှိနေသည်ဖြစ်သော်လည်း မြန်မာနိုင်ငံသားဟူသော စိတ်ဓာတ်ရှိကြသဖြင့် ၎င်းတို့အတွက် လိုအပ်ချက်၊ လုံခြုံစိတ်ချမှုတို့ကို ဆောင်ရွက်ပေးရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ဒို့တာဝန်အရေးသုံးပါးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော်တွင် ဖြစ်ပေါ်လျက်ရှိသည့် လက်နက်ကိုင်ပဋိပက္ခများနှင့် သဘောထားကွဲလွဲမှုများကို ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်။ ပြည်ပအခြေစိုက် မီဒီယာများက မြန်မာနိုင်ငံ ပျက်စီးရာပျက်စီးကြောင်း တစိုက်မတ်မတ် သွေးထိုးလှုံ့ဆော်ပေးမှုများသည် ပြည်ထောင်စုကြီး၏ စည်းလုံးညီညွတ်မှုကို ပျက်စီးစေနိုင်သောကြောင့် မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်များကို နိုင်ငံတကာက ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန် ကြိုးပမ်းဆောင်ရွက်ရာတွင် သံတမန်များ၏အခန်းကဏ္ဍသည် အရေးကြီးသည်။

သံတမန်များသည် နိုင်ငံတကာတွင် နိုင်ငံတော်အတွက် အရေးပါသည့် လုပ်ငန်းရပ်များကို တာဝန်ထမ်းဆောင်နေကြသည့် ပုဂ္ဂိုလ်များဖြစ်၍ နိုင်ငံတော်တွင် ဖြစ်ပေါ်နေသော အခြေအနေမှန်များနှင့် ဖြစ်ပေါ်နေသည့် အခြေအနေမှန်များကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန်အတွက် နိုင်ငံတော်အကြီးအကဲက တွေ့ဆုံဆွေးနွေး ရှင်းလင်းပြောကြားခဲ့ပြီးဖြစ်ရာ သံတမန်များအနေဖြင့် နိုင်ငံတော်၏ အနာဂတ်အတွက် တိုင်းပြည်ချစ်စိတ်ဖြင့် အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားကို သစ္စာရှိရှိ တာဝန်ကျေပွန်စွာထမ်းဆောင်နိုင်ကြမည်ဟု ယုံကြည်ပါကြောင်း။ ။

# လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ



နေပြည်တော် ဖေဖော်ဝါရီ ၁၅

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Asia Pacific Automaker Corporation Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Dongfeng E70 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Aung Gabar Motor Services Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BAIC ARCFOX α S အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် လျှပ်စစ်သုံးယာဉ်အားသွင်းစက်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စာပေ သို့မဟုတ် အနုပညာလက်ရာများ မှတ်ပုံတင်လျှောက်ထားခြင်းဆိုင်ရာ သိကောင်းစရာများ

စာပေနှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင်များ၊ ဆက်နွှယ်သည့် အခွင့်အရေးပိုင်ရှင်များ၏ အခွင့်အရေးများကို ဥပဒေနှင့်အညီ အကာအကွယ်ပေးနိုင်ရန် စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေကို အမိန့်ကြော်ငြာစာအမှတ် (၂၁၈/၂၀၂၃)ဖြင့် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၃၁)ရက်နေ့တွင် အာဏာသက်ဝင်ခဲ့ပြီ ဖြစ်ပါသည်။ စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် စာပေနှင့် အနုပညာလက်ရာများ၊ ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာကိစ္စရပ်များကို မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၂၃)ရက်နေ့တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာအမှတ် (၇၀/၂၀၂၃) ဖြင့် ထုတ်ပြန်ခဲ့ပါသည်။ မှတ်ပုံတင်လျှောက်ထားခြင်းအတွက် လိုအပ်သော လျှောက်လွှာပုံစံများကိုလည်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာအမှတ် (၇၃/၂၀၂၃) ဖြင့် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ စာပေ သို့မဟုတ် အနုပညာလက်ရာ မှတ်ပုံတင်လျှောက်ထားခြင်း၊ ဆက်နွှယ်သည့်အခွင့်အရေးဆိုင်ရာကိစ္စရပ် မှတ်ပုံတင်လျှောက်ထားခြင်းနှင့် ယင်းတို့နှင့်စပ်လျဉ်းသည့် လျှောက်ထားခြင်းများအတွက် လျှောက်လွှာပုံစံအမျိုးအစား (၁၃)မျိုးကို သတ်မှတ်ထုတ်ပြန်ထားပါသည်။ မှတ်ပုံတင်လျှောက်ထားခြင်းနှင့် မှတ်ပုံတင်ခြင်းနှင့် သက်ဆိုင်သည့် လျှောက်ထားမှုအမျိုးမျိုးအတွက် ပေးသွင်းရမည့် အခကြေးငွေများကို သတ်မှတ်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။ လျှောက်လွှာ တစ်စောင်ချင်းစီအတွက် သုံးစွဲသူလက်စွဲ (User Guideline) ကိုလည်း ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

စာပေနှင့်အနုပညာမူပိုင်ခွင့် မှတ်ပုံတင်လျှောက်ထားလိုပါက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်သည့်အပြင် အီလက်ထရောနစ်စနစ်ကိုအသုံးပြုပြီး (Online Filing)နှင့်လည်းလျှောက်ထားနိုင်မည်ဖြစ်ပါသည်။ မှတ်ပုံတင်လျှောက်ထားရာတွင် မူပိုင်ခွင့်ပိုင်ရှင်ကိုယ်တိုင်လျှောက်ထားနိုင်သလို ကိုယ်စားလှယ်နှင့်လည်း လျှောက်ထားနိုင်ပါသည်။ နိုင်ငံခြားသားကလျှောက်ထားမည်ဆိုလျှင် မြန်မာနိုင်ငံသားကိုယ်စားလှယ်ကို မဖြစ်မနေခန့်အပ်ပြီး လျှောက်ထားရမည်ဖြစ်ပါသည်။

စာပေနှင့်အနုပညာမူပိုင်ခွင့်သည် မှတ်ပုံတင်ထားသည်ဖြစ်စေ၊ မှတ်ပုံမတင်ထားသည်ဖြစ်စေ မူပိုင်ခွင့်ကို ရရှိမည်ဖြစ်သော်လည်း မူပိုင်ခွင့်မှတ်ပုံတင်ထားခြင်းဖြင့် မူပိုင်ခွင့်အငြင်းပွားမှုများ ဖြစ်ပွားသည့်အခါ မှတ်ပုံတင်လက်မှတ်ကို ခိုင်လုံသော သက်သေအထောက်အထားအဖြစ် တရားစွဲဆိုရာတွင် တင်ပြနိုင်မည်ဖြစ်ပါသည်။

**စာပေနှင့်အနုပညာမူပိုင်ခွင့်ဌာနခွဲ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၅ - ၂ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၆၀၀ | ၈,၇၀၀ | ၄၃၇ | ၃,၇၆၁,၉၀၀ |
| MTSH | ၂,၉၀၀ | ၂,၉၅၀ | ၂,၂၆၂ | ၆,၅၆၀,၅၅၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၀ | ၀ |
| FPB | ၁,၅၅၀ | ၁,၅၅၀ | ၄၇၀ | ၇၂၈,၅၀၀ |
| TMH | ၂,၅၀၀ | ၂,၅၀၀ | ၀ | ၀ |
| EFR | ၁,၈၀၀ | ၁,၈၅၀ | ၁၈၀ | ၃၂၇,၀၀၀ |
| AMATA | ၄,၈၀၀ | ၄,၈၀၀ | ၂ | ၉,၆၀၀ |
| MAEX | ၁,၇၀၀ | ၁,၇၅၀ | ၂၀၃ | ၃၄၅,၁၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအောင်ဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား DVB–T2 စနစ်တွင် HD Quality ရုပ်သံနှစ်လိုင်းမှ ကိုးလိုင်းတိုးချဲ့၍ ရုပ်သံလိုင်း ၁၁ လိုင်းဖြင့် အဆင့်မြှင့်တင်ထုတ်လွှင့်မှုနှင့် MRTV DTH Platform တွင် ရုပ်သံခုနစ်လိုင်းမှ ၁၂ လိုင်းတိုးချဲ့၍ ရုပ်သံလိုင်း ၁၉ လိုင်းထုတ်လွှင့်မှုတို့အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ချီးမြှင့်ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်တံဆိပ်နှင့် အမှတ်တရလက်ဆောင် ဂါရဝပြုပေးအပ်စဉ်။

☆ **ရှေ့ဖုံးမှ**

သတင်းမီဒီယာများ၊ အနုပညာရှင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ရန်ကုန်ရုံးမှ ဝန်ထမ်းများ၊ ထပ်ဆင့်လွှင့်စက်ရုံများမှ ဝန်ထမ်းများက အွန်လိုင်းမှတစ်ဆင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်အဖွဲ့ဝင်များ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တာဝန်ရှိသူများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်းမှ တိုင်းရင်းသားဝန်ထမ်းများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ပင်မအဆောက်အအုံရှိ Auditorium ခန်းမ၌ LED Animation ပြသ၍ စတင်ဖွင့်လှစ်သည်။

ထို့နောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများက **"အားလုံးချစ်သည် MRTV"** တေးသီချင်းဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ကြပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ Analogue နှင့် Digital စနစ်တို့ဖြင့် ထုတ်လွှင့်နေသည့် စက်ရုံများ အနက် နေပြည်တော်(ပျဉ်းမနား)၊ ရန်ကုန်(ပြည်လမ်း) နှင့် မန္တလေးထပ်ဆင့်လွှင့်စက်ရုံသုံးရုံမှ Analogue စနစ်ဖြင့် ရုပ်သံထုတ်လွှင့်မှုအစီအစဉ်(Analogue Switch Off–ASO) စတင်ကြောင်း ကြေညာသည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာ့အသံနှင့် ရုပ်မြင်သံကြား DVB–T2 စနစ်တွင် HD Quality ရုပ်သံနှစ်လိုင်းမှ ကိုးလိုင်းတိုးချဲ့၍ ရုပ်သံလိုင်း ၁၁ လိုင်းဖြင့် အဆင့်မြှင့်တင်ထုတ်လွှင့်မှုနှင့် MRTV DTH Platform တွင် ရုပ်သံခုနစ်လိုင်းမှ ၁၂ လိုင်းတိုးချဲ့၍ ရုပ်သံလိုင်း ၁၉ လိုင်း ထုတ်လွှင့်မှုတို့အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် "နုပျိုဆန်းသစ်(၇၈)နှစ်မှသည် ပြည်သူ့အတွက် MRTV" Video Clip ကို ပြသသည်။

**နှစ်စဉ်ကျင်းပခဲ့**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကား ပြောကြားရာတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ အစ "ရန်ကုန်ရေဒီယို(Rangoon Radio)"က ဟု ခေါ်တွင်ခဲ့ရာမှ အမည်စတင်ပြင်ဆင်ခဲ့သည့် ၁၉၄၆ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်ကို မှတ်တည်သတ်မှတ်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားများကို နှစ်စဉ်ကျင်းပခဲ့သည်ကို တွေ့ရှိရကြောင်း။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (Myanma Radio and Television– MRTV)သည် မြန်မာနိုင်ငံတွင် သက်တမ်းမြင့်မားပြီး အစဉ်အလာနှင့် သမိုင်းကောင်းသည့် နိုင်ငံတော်မီဒီယာဌာနကြီးတစ်ခုဖြစ်ပါကြောင်း၊ ခေတ်အဆက်ဆက်တွင် နိုင်ငံတော်နှင့် ပြည်သူ့အတွက် တာဝန်ကျေပွန်ခဲ့သကဲ့သို့ ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသည့် နည်းပညာ၊ အတတ်ပညာများနှင့် လိုက်လျောညီထွေအောင် ပြုပြင်ပြောင်းလဲလိုက်ပါဆောင်ရွက်နိုင်သည့် ဌာနကြီးတစ်ခုဖြစ်ခြင်းကြောင့် ယခုကဲ့သို့ (၇၈)နှစ်ပြည့်မြောက်သည့် သမိုင်းမော်ကွန်းမှတ်တိုင်တစ်ခုကို မားမားမတ်မတ်ဖြင့် ဝံ့ဝံ့ကြွားကြွား စိုက်ထူနိုင်ခြင်းပင်ဖြစ်ကြောင်း။

(၇၈)နှစ်ပြည့်မြောက်သည့် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် အာဆီယံနိုင်ငံများ၌ "Analogue Switch Off–ASO"ဟုခေါ်သည့် Analogue စနစ်နှင့် ရုပ်သံထုတ်လွှင့်မှုရပ်ဆိုင်းရန် သဘောတူညီထားကြသည့် အစီအစဉ်ထဲမှ Pilot Project တစ်ခုဖြစ်သည့် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့ကြီး သုံးမြို့အတွက် ထုတ်လွှင့်နေသည့် ထပ်ဆင့်လွှင့်စက်ရုံသုံးရုံမှ Analogue စနစ် ထုတ်လွှင့်မှုကို စတင်ရပ်ဆိုင်းနိုင်ရန် ကြေညာပြီး အဆိုပါ မြို့ကြီးသုံးမြို့တွင် ဒစ်ဂျစ်တယ်စနစ်တစ်ခုဖြစ်သည့် Digital Video Broadcasting – Second Generation Terrestrial (DVB–T2) စနစ်ဖြင့် ထုတ်လွှင့်နေသည့် ရုပ်သံ ၁၈ လိုင်းထဲတွင် High Definition (HD) Quality နှင့် ရုပ်သံလိုင်းနှစ်လိုင်းသာ ထုတ်လွှင့်နိုင်ရာမှ ယခုအခါ ၁၁ လိုင်းအထိ အဆင့်မြှင့်တင်ပြီး တိုးချဲ့ထုတ်လွှင့်နိုင်ရန်၊ နောက်ဒစ်ဂျစ်တယ်စနစ်တစ်ခုဖြစ်သည့် Direct To Home (DTH) စနစ်ဖြင့် ရုပ်သံလိုင်း ခုနစ်လိုင်းသာထုတ်လွှင့်နေရာမှ ယခုအခါ ရုပ်သံလိုင်း ၁၉ လိုင်းအထိ တိုးချဲ့ထုတ်လွှင့်နိုင်ရန် စသည်များကို ဖွင့်လှစ်ဆောင်ရွက်သွားမည်ဟု သိရကြောင်း။

MRTV သည် Broadcast Media များဖြစ်သည့် TV နှင့် Radio တို့မှ ထုတ်လွှင့်ရာတွင် လူတိုင်းလက်လှမ်းမီစွာ အရှိန်အဟုန်ဖြင့် အသုံးပြုလာကြသော New Media ဟုခေါ်ကြသည့် Online Media တွင်လည်း "MRTV Application" အပါအဝင် Social Media Platform မှ ကျယ်ကျယ်ပြန့်ပြန့် ထုတ်လွှင့်ပေးနေသည်ကိုလည်း တွေ့မြင်နေရကြောင်း။

ယခုအခါတွင် MRTV သည် ပြန်ကြားရေးဝန်ကြီးဌာန၏ ပြုပြင်ပြောင်းလဲ ဆောင်ရွက်မှုဖြစ်သော နုပျိုသစ်လွင်ပြီး သွက်လက်ထက်မြက်သည့်၊ ဆန်းသစ်ခေတ်မီသည့် နိုင်ငံတော်မီဒီယာပုံစံအသစ်နှင့်အညီ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နေပြီဟု ပြောရမည်ဖြစ်ကြောင်း၊ မူလရည်မှန်းချက် (၃)ရပ်ဖြစ်သည့် သတင်းအချက်အလက်များ ပြန်ကြားပေးရန်၊ အသိပညာမျှဝေပေးရန်နှင့်ဖျော်ဖြေပေးရန် တာဝန်များကို ရုပ်မြင်သံကြားမှ နည်းလမ်းပေါင်းစုံဖြင့် ထုတ်လွှင့်ဆောင်ရွက်ပေးနိုင်သည့် အပြင် နိုင်ငံတော်၏ နေ့ကြီး၊ ရက်ကြီး၊ အခါကြီးနှင့် အခမ်းအနားကြီးများတွင် ကဏ္ဍစုံမှ တက်ကြွစွာပါဝင်ဆောင်ရွက်နိုင်ကြသည်ကိုလည်း တွေ့မြင်ရသည့်အတွက် ကျေနပ်အားရမိကြောင်း။

**စာမျက်နှာ ၄ သို့ ☆**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

☆ စာမျက်နှာ ၃ မှ

ထို့ပြင် နိုင်ငံတော်၏ ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွန့်စွန့်စားစား ထမ်းဆောင်နေကြသည့် "တပ်မတော်သား"များအတွက် ရှေ့တန်းစစ်မြေပြင်၊ တပ်စခန်းနေရာများအထိ သွားရောက်ဖျော်ဖြေပြီး စိတ်ဓာတ်ခွန်အား မြှင့်တင်ပေးခြင်း၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်တွင် တက်ရောက်နေကြသည့် "နိုင်ငံ့ဝန်ထမ်း"များ အပန်းပြေစေရန် ဖျော်ဖြေတင်ဆက်ပေးခြင်း၊ အနာဂတ်နိုင်ငံတော်တွင် အားကိုးအားထားပြုရမည့် "လူရည်ချွန်"များ ပျော်ရွှင်လန်းဆန်းတက်ကြွစေရန် အပန်းဖြေစခန်းများတွင် သွားရောက်ဖျော်ဖြေပေးခြင်းစသည့် ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများကိုလည်း ကျယ်ကျယ်ပြန့်ပြန့် တိုးမြှင့်ဆောင်ရွက်ပေးနေသည်ကို တွေ့မြင်နေရကြောင်း။

**ဂုဏ်ယူဖွယ်ရာဖြစ်**

တိုင်းရင်းသားများနှင့်ပတ်သက်၍လည်း MRTV အနေဖြင့် တိုင်းရင်းသားဘာသာစကား ၁၈ မျိုး အပါအဝင်စုစုပေါင်း ဘာသာစကား ၂၀ နှင့် ထုတ်လွှင့်နိုင်သည်မှာလည်း နိုင်ငံတကာအလယ်တွင် ထူးခြားထင်ရှားပြီး ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးကို အလေးထားဝန်ဆောင်မှုပေးနေခြင်းဖြစ်သဖြင့် ရုပ်သံလွှင့်မီဒီယာ အဖွဲ့အစည်းကြီးအဖြစ် ဂုဏ်ယူဖွယ်ရာဖြစ်သည်ကို ပြောကြားလိုကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ မဲမသမာမှုများကြောင့် နိုင်ငံနှင့်ပြည်သူလူထုအကျိုးအတွက် နိုင်ငံတော်တာဝန်ကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)အရ တာဝန်ယူဆောင်ရွက်နေရခြင်းလည်းဖြစ်ကြောင်း၊ နိုင်ငံတော်ကို ပြည်သူ့ဆန္ဒနှင့်အညီ "တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး"ဟူသည့် အမျိုးသားရေးရည်မှန်းချက်(၂)ရပ်နှင့် "စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး" ဟူသည့် နိုင်ငံရေးရည်မှန်းချက် (၂)ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါရည်မှန်းချက်များ အောင်မြင်ရန် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အရေးကြီးဆုံးလိုအပ်ချက်မှာ နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး နှောင့်ယှက်ဖျက်ဆီးမှုများမှ ကင်းဝေးရန်လိုကြောင်း။

အားလုံးသိကြသည့်အတိုင်း ယနေ့နိုင်ငံတော်တွင်ပြည်တွင်းပြည်ပ သွေးထိုးမြှောက်ပင့်ပေးနေခြင်းများ၊ ကျင့်ဝတ်သိက္ခာကင်းမဲ့ပြီး နိုင်ငံကိုချောက်ထဲရောက်အောင် တွန်းပို့နေသော ယုတ်ညံ့သည့်မီဒီယာများ၊ အခြေအနေနှင့် လက်တွေ့ဖြစ်ပျက်နေမှုများကို အသိဉာဏ်ပညာနှင့် စဉ်းစားသုံးသပ်ဆောင်ရွက်မှုမရှိသည့် အဖွဲ့အစည်းများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကြောင့် နေရာဒေသအချို့တွင် တည်ငြိမ်အေးချမ်းမှုမရှိဘဲ ပြည်သူများဆင်းရဲဒုက္ခများစွာ ရောက်နေရခြင်းဖြစ်ကြောင်း၊ အဆိုပါ အဖျက်အမှောင့်လုပ်ရပ်များသည် တိုင်းပြည်အတွက် အန္တရာယ်အလွန်ကြီးခြင်းကြောင့် ပြည်သူလူထုအားလုံးက သိရှိနားလည်ကြရန် သတင်းတုသတင်းမှားများကို တုံ့ပြန်ခြင်း၊ သတင်းမှန်များကို ထုတ်လွှင့်ဖော်ပြပေးခြင်း၊ အသိပညာပေးခြင်းများကို တိုးမြှင့်ဆောင်ရွက်ပေးသွားကြရန် မှာကြားလိုကြောင်း။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ခေတ်အဆက်ဆက်က MRTV ၏ဝန်ထမ်းဟောင်းများသည့်ခေတ်သူ့အခါအလိုက် တာဝန်ကျေပွန်ခဲ့ကြသကဲ့သို့

စာမျက်နှာ ၅ သို့ »»

**❖ ယနေ့နိုင်ငံတော်တွင် ပြည်တွင်းပြည်ပ သွေးထိုးမြှောက်ပင့်ပေးနေခြင်းများ၊ ကျင့်ဝတ်သိက္ခာကင်းမဲ့ပြီး နိုင်ငံကိုချောက်ထဲရောက်အောင် တွန်းပို့နေသော ယုတ်ညံ့သည့်မီဒီယာများ၊ အခြေအနေနှင့် လက်တွေ့ဖြစ်ပျက်နေမှုများကို အသိဉာဏ်ပညာနှင့် စဉ်းစားသုံးသပ်ဆောင်ရွက်မှုမရှိသည့် အဖွဲ့အစည်းများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကြောင့် နေရာဒေသအချို့တွင် တည်ငြိမ်အေးချမ်းမှုမရှိဘဲ ပြည်သူများ ဆင်းရဲဒုက္ခများစွာ ရောက်နေရခြင်းဖြစ်**

**❖ အဆိုပါ အဖျက်အမှောင့်လုပ်ရပ်များသည် တိုင်းပြည်အတွက် အန္တရာယ်အလွန်ကြီးခြင်းကြောင့် ပြည်သူလူထုအားလုံးက သိရှိနားလည်ကြရန် သတင်းတုသတင်းမှားများကို တုံ့ပြန်ခြင်း၊ သတင်းမှန်များကို ထုတ်လွှင့်ဖော်ပြပေးခြင်း၊ အသိပညာပေးခြင်းများကို တိုးမြှင့်ဆောင်ရွက်**





နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွင်း ပြန်ကြားရေးနှင့် ထုတ်လွှင့်ရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစဉ်။

»»» စာမျက်နှာ ၄ မှ
MRTV ၏ မျိုးဆက်သစ်ဝန်ထမ်းများကလည်း "ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ရေရှည်တည်တံ့ခိုင်မြဲစေရန်"သမိုင်းပေးတာဝန်များကို သစ္စာရှိရှိဖြင့် ဝန်ထမ်းကောင်းများပီသစွာ ကျေပွန်အောင် ဆက်လက်ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်၏ သမိုင်းကြောင်းနှင့်အတူ ခေတ်အဆက်ဆက် နိုင်ငံနှင့် ပြည်သူအပေါ် တာဝန်ကျေပွန်ခဲ့သည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် ပြောင်းလဲတိုးတက်နေသည့် နည်းပညာများနှင့်အညီ လိုက်ပါအသုံးပြုပြီး ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို အမြင်သစ်၊ အသွင်သဏ္ဌာန်အသစ်များ ဖန်တီးထုတ်လုပ်မှုများနှင့် ပိုမိုဆန်းသစ် တင်ဆက်နိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ တစ်ဆက်တည်းတွင် မြန်မာနိုင်ငံ၌ အနုပညာရှင်၊ အတတ်ပညာရှင်များစွာ မွေးထုတ်ပေးရာ၊ ပန်းပေါင်းစုံဖူးပွင့်လန်းဆန်းရာ ပန်းဥယျာဉ်ကြီးသဖွယ်ဖြစ်အောင်၊ ပြည်သူတွေအားကိုးအားထားပြုရသည့် တိုင်းကျိုးပြည်ပြုဝန်ဆောင်မှုပြုနေသည့် မြန်မာနိုင်ငံ၏စတုတ္ထမဏ္ဍိုင်တစ်ခုဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ပေးကြရန်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူလူထုအားလုံးအပြင် ပြည်ပနိုင်ငံများတွင် ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသူ၊ မြန်မာနိုင်ငံသားများနှင့် အခြားပရိသတ်များအတွက်ပါ သတင်းအချက်အလက်အပါအဝင် အသိပညာဗဟုသုတ၊ အကြားအမြင်များနှင့် ဖျော်ဖြေတင်ဆက်မှုများ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအတွက် သာမက ကမ္ဘာ့နိုင်ငံသူ၊ နိုင်ငံသားများ၏ စိတ်နှလုံးတွင် အစဉ်အမြဲ မှတ်မှတ်ထင်ထင်ရှိလာအောင် စွမ်းဆောင်ပေးကြရန် မှာကြားလိုကြောင်း။

**ဝင့်ထည်တင့်တယ်စွာဖြင့် ရှင်သန်ရပ်တည်**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၇၈)နှစ်ပြည့်မြောက်သည့် နှစ်ပတ်လည်နေ့မှသည် ရာစုနှစ်ပေါင်းများစွာအထိ ကောင်းခြင်းဂုဏ်သတင်းမွှေးပျံ့မှုများစွာနှင့်အတူ အောင်မြင်စွာလျှောက်လှမ်းမှုဖြင့် ဝင့်ထည်တင့်တယ်စွာဖြင့် ရှင်သန်ရပ်တည်နိုင်ပါစေကြောင်းကို ဆန္ဒပြုဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်အဆင့်အခမ်းအနားကြီးများကျင်းပခဲ့မှုတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများမှ ကဏ္ဍစုံလင်စွာပါဝင်ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ဂုဏ်ပြုဆုနှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကို ချီးမြှင့်ပေးအပ်ရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လက်ခံရယူသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာ့အသံနှင့်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွင်း လှည့်လည်ကြည့်ရှုစဉ်။

ရုပ်မြင်သံကြား၏ (၇၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်တံဆိပ်နှင့် အမှတ်တရလက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှု မြဝတီတေးဂီတအဖွဲ့နှင့် ပြင်ပအနုပညာရှင်များက မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ နိုင်ငံတော်သံစုံတီးဝိုင်း၊ နိုင်ငံတော်ဆိုင်းဝိုင်းကြီးနှင့် ခေတ်ပေါ်တေးဂီတအဖွဲ့တို့ဖြင့် တွဲဖက်၍ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အနုပညာရှင်များနှင့် ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုပန်းခြင်းပေးအပ်သည်။

**လိုက်လံကြည့်ရှု**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွင်း ပြန်ကြားရေးနှင့် ထုတ်လွှင့်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှု၍ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ကဏ္ဍအလိုက်တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြကြမှုများအပေါ် လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် တည်ခင်းဧည့်ခံသည့် လက်ဖက်ရည်ဝိုင်းကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းများနှင့်အတူ ရင်းရင်းနှီးနှီး သုံးဆောင်ခဲ့ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြသည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော ရေဒီယိုနှင့် ရုပ်သံလွှင့်လုပ်ငန်းတစ်ခုဖြစ်ပြီး ပြန်ကြားပေးရန်၊ အသိပညာပေးရန်၊ ဖျော်ဖြေပေးရန် ရည်မှန်းချက်များနှင့်အညီ ထုတ်လွှင့်တင်ဆက်လျက်ရှိသည်။

**စတင်အသုံးပြု**

၁၉၄၆ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်တွင် ရန်ကုန်ရေဒီယို(Rangoon Radio)မှ ဗမာ့အသံ(Burma Broadcasting Services –BBS)အမည်ဖြင့် စတင်အသုံးပြုခဲ့ပြီး ၁၉၈၀ ပြည့်နှစ် နိုဝင်ဘာလ ၁ ရက်တွင် ရောင်စုံရုပ်မြင်သံကြားအဖြစ် စတင်ပုံမှန်ထုတ်လွှင့်ခဲ့သည်။ ယခုအခါ MRTV HD၊ MRTV News၊ MRTV NRC၊ MRTV Farmers'၊ MRTV Parliament၊ MRTV Sports ရုပ်သံလိုင်းများနှင့် ဆက်စပ်ရုပ်သံလိုင်းအဖြစ် အင်္ဂလိပ်ဘာသာဖြင့် ထုတ်လွှင့်သည့် MITV ရုပ်သံလိုင်းများ ထုတ်လွှင့်လျက်ရှိပြီး မြန်မာ့အသံရေဒီယို၊ သပြေရေဒီယို၊ အင်္ဂလိပ်ဘာသာဖြင့် ထုတ်လွှင့်သည့် Myanma Radio၊ တိုင်းရင်းသားဘာသာ ၁၇ မျိုးပါဝင်သည့် တိုင်းရင်းသားဘာသာ အစီအစဉ်များကို ထုတ်လွှင့်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံအရပ်ရပ်မှ အများပြည်သူများ အရုပ်၊ အသံ အရည်အသွေးကောင်းမွန်သည့် အစီအစဉ်များကို ဖမ်းယူကြည့်ရှုနားဆင်နိုင်ရန် မြန်မာနိုင်ငံတစ်ဝန်း Analogue စနစ်ဖြင့် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံပေါင်း ၂၅၈ ရုံ ဖွင့်လှစ်ထားရှိပြီး မြန်မာ့အသံ FM ရေဒီယိုလွှင့်စက်များ တိုးချဲ့တပ်ဆင်ထားသည့် စက်ရုံ ၈၅ ရုံ၊ Digital စနစ်ဖြင့် ထုတ်လွှင့်သည့် DVB T2 လွှင့်စက် တပ်ဆင်ထားသည့် စက်ရုံပေါင်း ၁၅၅ ရုံဖြင့် Analogue ရုပ်သံလိုင်းနှင့် Digital ရုပ်သံလိုင်းများကို အပြိုင်ထုတ်လွှင့်ပေးလျက်ရှိသည်။ ယခုအခါ အပြည်ပြည်ဆိုင်ရာ ကြေးနန်းဆက်သွယ်ရေးအဖွဲ့ချုပ် ITUမှ CE 06 Agreement အရ အာရှပစိဖိတ်နိုင်ငံများအနေဖြင့် Analogue TV ထုတ်လွှင့်မှု ရပ်ဆိုင်းခြင်း ASO လုပ်ငန်းစဉ်ကို သတ်မှတ်ထားရှိခြင်း၊ မြန်မာနိုင်ငံတွင် Digital ရုပ်သံလိုင်း ၁၈ လိုင်း ဖမ်းယူရရှိနေပြီဖြစ်ခြင်း၊ နိုင်ငံပိုင် DTH Platform မှလည်း Digital ရုပ်သံလိုင်းများ ထုတ်လွှင့်နေပြီဖြစ်ခြင်းတို့ကြောင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ Analogue နှင့် Digital စနစ်တို့ဖြင့် ထုတ်လွှင့်နေသော စက်ရုံများအနက် နေပြည်တော်(ပျဉ်းမနား)၊ ရန်ကုန်(ပြည်လမ်း)နှင့် မန္တလေးထပ်ဆင့်လွှင့် စက်ရုံ သုံးရုံ၌ Analogue စနစ်ဖြင့် ရုပ်သံထုတ်လွှင့်ခြင်း ရပ်ဆိုင်းမှု အစီအစဉ် ASO ၏ ပထမအဆင့်အဖြစ် ယနေ့မှစတင်ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ကျန်ရှိနေသည့် စက်ရုံများကိုလည်း အဆင့်လိုက် ရပ်ဆိုင်းနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ လက်ရှိထုတ်လွှင့်နေသည့် DVB T2 စနစ်တွင် HD Quality ဖြင့် MRTV–HD နှင့် MRTV–News ရုပ်သံလိုင်း နှစ်လိုင်းကို ထုတ်လွှင့်နေရာမှ ဌာနပိုင်ရုပ်သံလိုင်းများနှင့် ဆက်စပ်ရုပ်သံလိုင်းများ အပါအဝင် ကိုးလိုင်းတိုးချဲ့ပြီး HD Quality ရုပ်သံလိုင်း ၁၁ လိုင်းဖြင့် အဆင့်မြှင့်တင် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။ ထို့ပြင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV DTH Platform တွင် ရုပ်သံလိုင်း ခုနစ်လိုင်းအား ထည့်သွင်းထုတ်လွှင့်နေရာမှ ပုဂ္ဂလိက ရုပ်သံလိုင်းများအပါအဝင် ၁၂ လိုင်းထပ်မံတိုးချဲ့၍ စုစုပေါင်း ရုပ်သံလိုင်း ၁၉ လိုင်းဖြင့် ထုတ်လွှင့်သွားမည်ဖြစ်သည်။

ယနေ့အချိန်တွင် သတင်းအချက်အလက်များ ပြန်ကြားပေးရန်၊ အသိပညာမျှဝေပေးရန်၊ ဖျော်ဖြေပေးရန် စသည့် ရည်ရွယ်ချက်များဖြင့် ၁၉၄၆ ခုနှစ်မှ စတင်ရှင်သန်ပေါက်ဖွားလာခဲ့သည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV သည် (၇၈)နှစ် တိုင်ခဲ့ပြီဖြစ်ပြီး ခေတ်အဆက်ဆက်တွင် တိုးတက်ပြောင်းလဲမှုများနှင့် နိုင်ငံပိုင်မီဒီယာကြီးတစ်ခုအဖြစ် မားမားမတ်မတ် ရပ်တည်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အနုပညာရှင်များနှင့် ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုပန်းခြင်း ပေးအပ်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# ဂုဏ်ယူစွာဖြင့် အမှုတော်ထမ်းရွက်

ရွှေကျား

**နိုင်ငံတစ်နိုင်ငံအတွက် နယ်မြေတည်တံ့မှု၊ အချုပ်အခြာအာဏာပိုင်စိုးမှုနဲ့ အမျိုးသားလွတ်လပ်ရေး အစွန့်ရှည်တည်တံ့ဖို့အတွက် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ဖို့ နိုင်ငံသားတိုင်းမှာ တာဝန်ရှိပါတယ်။ နိုင်ငံတိုင်းက မိမိတို့နိုင်ငံကို ကာကွယ်ဖို့ ကာကွယ်ရေးစီမံချက်အသီးသီးကို ချမှတ်ကြတဲ့အခါ နိုင်ငံအများစုမှာ အရွယ်ရောက်သူ နိုင်ငံသားတိုင်း စစ်မှုမထမ်းမနေရဥပဒေကို ပြဋ္ဌာန်းအကောင်အထည်ဖော်ကြလေ့ရှိပါတယ်။**

စစ်မှုထမ်းခြင်းဆိုတဲ့ Military Service တင်မက စစ်ရေးမဟုတ်တဲ့ အရပ်ဘက်လုံခြုံရေး၊ ဘေးအန္တရာယ်ကာကွယ်ရေးနဲ့ ဒေသဖွံ့ဖြိုးတိုးတက်ရေးတွေမှာ အရည်အချင်းပြည့်မီသူတွေကို အချိန်ကာလတစ်ခု သတ်မှတ်ပြီး မဖြစ်မနေအမှုထမ်းကြဖို့ ဆိုရှယ်လစ်နိုင်ငံတွေ၊ ဒီမိုကရေစီနိုင်ငံတွေမှာ လက်တွေ့ကျင့်သုံးခဲ့ကြပြီး အောင်မြင်မှုတွေလည်း ရှိခဲ့ကြပါတယ်။

စစ်မှုမထမ်းမနေရ အယူအဆဟာ (၁၉) ရာစုလောက်က ဥရောပနိုင်ငံတွေမှာ စတင်ပေါက်ဖွားလာခဲ့ပြီး ပြည်ပရန်ကို ကာကွယ်ဖို့ ရည်ရွယ်ပါတယ်။ စစ်မှုထမ်းဥပဒေဆိုတာ နိုင်ငံအသီးသီးရဲ့ Military Doctrine လို့ဆိုရမယ့် စစ်သဘောတရားနဲ့လည်း ဆက်စပ်မှုရှိပါတယ်။ စစ်တပ်နဲ့ လူ့အဖွဲ့အစည်းတွေ၊ နိုင်ငံသားတွေ ပေါင်းစည်းပေးတဲ့ အဓိပ္ပာယ်လည်း ဖြစ်ပါတယ်။ လက်ရှိမှာ အစ္စရေး၊ တောင်ကိုရီးယား၊ မြောက်ကိုရီးယား၊ ဗီယက်နမ်၊ လက်တင်အမေရိကနိုင်ငံအချို့နဲ့ ဥရောပ၊ အာရှနိုင်ငံတွေမှာ ကျင့်သုံးနေကြပြီး အချို့နိုင်ငံတွေကတော့ ဥပဒေပြဋ္ဌာန်းထားပေမယ့် လက်တွေ့အကောင်အထည်မဖော်ကြတာတွေနဲ့ အရေးအတွက် အနည်းငယ်စီ ဆင့်ခေါ်စုဆောင်းတာတွေကို နိုင်ငံလိုအပ်ချက်အလိုက် လုပ်ဆောင်ကြတာကို တွေ့ရှိရပါတယ်။

မိမိတို့နိုင်ငံမှာတော့ ရှေးဘုရင်တွေက အသက် ၂၀ က ၅၀ အကြား အစုမျိုးရိုးက အမျိုးသားတွေကို အရန်တပ်စစ်သည်တွေအဖြစ် စစ်မှုထမ်းစေခဲ့ပါတယ်။ မြင်းစု အစုမျိုးရိုးကတော့ မြင်းတွေကို ကောင်းကောင်း လေ့ကျင့်မွေးမြူကြရပြီး အသက် ၂၀ ကနေ ၄၀ အထိ အချိန်ပြည့် အမြဲတမ်းမြင်းစီးသူရဲတွေအဖြစ် စစ်မှုထမ်းကြရပါတယ်။ သွေးသောက်စုကတော့ ဘုရင့်အမြဲတမ်းတပ်မတော်ရဲ့ စစ်ရေးကေဒါတွေဖြစ်ပြီး စစ်မက်ဖြစ်ပွားခဲ့ရင် အရန်တပ်တွေရဲ့ တပ်မှူးငယ်တွေ၊ စစ်ဦးစီးငယ်တွေ၊ တပ်ထိန်းတွေအဖြစ် အမှုထမ်းရပါတယ်။

> **တပ်မတော်မှာ တာဝန်ထမ်းဆောင်ပြီးဆိုတာနဲ့ ဂျီနီဗာကွန်ဗင်းရှင်း၊ စစ်သည်တော်ကျင့်ဝတ် စတာတွေနဲ့အညီ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရမယ့် တာဝန်ဝတ္တရားအောက်မှာ အနီ၊ အစိမ်း၊ အပြာ၊ အဝါ စတဲ့ ကာလာမတူ ဝါဒမတူညီမှုအသီးသီး အားလုံးချုပ်ငြိမ်းပြီး ပြည်ထောင်စုသားအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် တွေ့ဆုံနိုင်ကြမယ်လို့ မျှော်လင့်ရသလို လူငယ်တွေအနေနဲ့လည်း တပ်မတော်ရဲ့မူဝါဒတွေ၊ ရပ်တည်ချက်တွေကို သိရှိနားလည်သဘောပေါက်ရာကနေ အနာဂတ်မှာ စစ်ဘက်- အရပ်ဘက် ဆက်ဆံရေး ကောင်းမွန်လာစေနိုင်မယ်လို့ ယူဆမိပါတယ်**

ပုဂံခေတ်မှစ၍ ထောင်ပြုမြို့၊ ရာပြုမြို့ စတဲ့ မြို့ပြတွေတည်ရပြီး စစ်မှုထမ်းဖို့ ဆင့်ခေါ်ခံရတဲ့အခါ မြို့အလိုက် လူဦးရေ ထောင်ဂဏန်း၊ ရာဂဏန်း လာရောက်စစ်မှုထမ်းရပါတယ်။ လွတ်လပ်ရေးတိုက်ပွဲဝင်ကာလ ဗန်ကောက်မြို့မှာ လူအင်အား ၂၀၀ နဲ့ စတင်ခဲ့တဲ့ ဗမာ့လွတ်လပ်ရေးတပ်မတော်ဟာ ခြောက်လဝန်းကျင်မှာတင် အင်အားငါးသောင်းအထိ စည်းရုံးနိုင်ခဲ့ခြင်းကနေ လွတ်လပ်ရေးတိုက်ပွဲဝင်ကြတဲ့အထိ သမိုင်းမှတ်တမ်းတွေက ပြည်သူတွေ စစ်မှုထမ်းခဲ့ကြတဲ့ သာဓကပဲ မဟုတ်ပါလား။ မြန်မာနိုင်ငံအနေနဲ့ ၁၉၆၇ ခုနှစ်မှာ ပြည်သူ့စစ်မဟာဗျူဟာကို ရေးဆွဲအကောင်အထည်ဖော်နိုင်ခဲ့တဲ့အတွက် ပြည်သူတွေအားလုံးပါဝင်တဲ့ ပြည်သူ့စစ်မဟာဗျူဟာကြောင့် တရုတ်ဖြူကူမင်တန် ကျူးကျော်စစ်၊ ပြည်တွင်းသောင်းကျန်းမှုတွေကို ကျော်လွှားအောင်မြင်နိုင်ခဲ့ပါတယ်။ ယနေ့ကာလမှာလည်း လက်ရှိ နိုင်ငံရဲ့အခြေအနေအရ ပြည်သူ့စစ်မဟာဗျူဟာ ပြည်သူအားလုံးပါတဲ့ အမျိုးသားအမှုထမ်းစနစ်ကျင့်သုံးဖို့ လိုအပ်လာခဲ့ပြီ ဖြစ်ပါတယ်။

> **မျိုးချစ်စိတ်ရှိတဲ့ နိုင်ငံသားတိုင်း၊ နိုင်ငံချစ်စိတ်ရှိတဲ့ နိုင်ငံသားတိုင်းက ကာကွယ်နိုင်ဖို့ ပြည်သူ့စစ်အဖွဲ့များ ဖွဲ့စည်းပေးရေး၊ ဒေသခံကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းပေးရေး အင်တိုက်အားတိုက် တောင်းဆိုနေတာတွေရှိတဲ့အခါ လက်ရှိမှာလည်း ပြည်သူ့စစ်အဖွဲ့တွေ၊ ဒေသခံကာကွယ်ရေးအဖွဲ့တွေကို ဖွဲ့စည်းနေကြတာပါ။ အခုလို ပိုမိုကောင်းမွန်တဲ့ ဥပဒေနဲ့စနစ်တကျ တည်ဆောက်လိုက်ခြင်းကနေ နိုင်ငံအတွက် ကောင်းမွန်တဲ့အလားအလာကို ဖန်တီးသွားနိုင်ပါလိမ့်မယ်**

**ပြည်သူ့စစ်မှုထမ်းဥပဒေ စတင်အာဏာတည်**

မိမိတို့နိုင်ငံရဲ့ အသက်သွေးလို့ တင်စားလို့ရတဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြဋ္ဌာန်းချက်တွေအနက် ပုဒ်မ ၃၈၅ မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနဲ့ နယ်မြေတည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်ရေးအတွက် နိုင်ငံသားတိုင်းတွင် တာဝန်ရှိတယ်လို့ ပြဋ္ဌာန်းထားသလို၊ ၃၈၆ မှာတော့ နိုင်ငံသားတိုင်း ဥပဒေပြဋ္ဌာန်းချက်များနဲ့အညီ စစ်ပညာသင်ကြားဖို့နဲ့ နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန် တာဝန်ရှိကြောင်းနဲ့ အခြေခံဥပဒေ ၃၃၉ မှာတော့ နိုင်ငံတော်ကို ပြည်တွင်း/ပြည်ပအန္တရာယ်မှကာကွယ်ဖို့ တပ်မတော်က ဦးဆောင်ရမယ်၊ ပုဒ်မ ၃၄၀ မှာ တပ်မတော်ဟာ အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီရဲ့ သဘောတူညီချက်နဲ့ နိုင်ငံတော်လုံခြုံရေးနဲ့ ကာကွယ်ရေးမှာ ပြည်သူတစ်ရပ်လုံးပါဝင်ရေးအတွက် စီမံဆောင်ရွက်ခွင့်ရှိတဲ့အပြင် တပ်မတော်ရဲ့ ဦးဆောင်မှုနဲ့ ပြည်သူ့စစ်မဟာဗျူဟာ ဖော်ဆောင်ရမယ်လို့ အတိအလင်း ပြဋ္ဌာန်းထားပါတယ်။

အဲဒီလိုအချက်တွေကြောင့်ပဲ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြည်သူ့စစ်မှုထမ်းဥပဒေ စတင်အာဏာတည်တဲ့နေ့အဖြစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့က သတ်မှတ်ကြေညာခဲ့ပါတယ်။ ဒီဥပဒေက အခုချက်ချင်း စတင်ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေမဟုတ်ပါဘူး။ ၁၉၅၉ ခုနှစ်ကတည်းက ပြဋ္ဌာန်းထားတဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၁၀ ပြည့်နှစ်မှာ ပြန်လည်ပြင်ဆင်သတ်မှတ်ထားတာ ဖြစ်ပါတယ်။ အသက် ၁၈ နှစ်မှ ၃၅ နှစ်အထိ အမျိုးသားအားလုံး၊ အသက် ၁၈ နှစ်မှ ၂၇ နှစ်အထိ အမျိုးသမီးအားလုံးတို့က စစ်မှုထမ်းဆောင်ကြရမှာဖြစ်ပြီး စက်မှုလက်မှုအပါအဝင် ကျွမ်းကျင်ပညာရှင်ဖြစ်မယ်ဆိုရင် အမျိုးသားတွေက ၄၅ နှစ်အထိ၊ အမျိုးသမီးတွေက ၃၅ နှစ်အထိ အကျုံးဝင်ပါတယ်။ စစ်မှုထမ်းဆောင်ရမယ့်ကာလကတော့ ၂၄ လ (နှစ်နှစ်) ဖြစ်ပါတယ်။ ကျွမ်းကျင်ပညာရှင်တွေအနေနဲ့ ၃၆ လ (သုံးနှစ်) ဖြစ်ပါတယ်။

စစ်မှုထမ်းဆောင်ဖို့ကင်းလွတ်ခွင့်၊ ကာလတိုယာယီရွှေ့ဆိုင်းခွင့် စတဲ့သတ်မှတ်ချက်တွေ၊ လိုက်နာရမယ့် သတ်မှတ်ချက်တွေနဲ့ အကျိုးခံစားခွင့်တွေ၊ ဖောက်ဖျက်ပါက ပြစ်မှုပြစ်ဒဏ်တွေကိုလည်း ဥပဒေမှာ ထည့်သွင်းထားပါတယ်။ စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့တွေကို မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးနဲ့ ဗဟိုအဆင့်ဆင့် ဖွဲ့စည်းမှာဖြစ်ပြီး ရပ်ကွက်အုပ်ချုပ်ရေးရုံးတွေကနေ နှစ်စဉ် စစ်မှုထမ်းဖို့အရွယ်ရောက်သူစာရင်းကို ဇန်နဝါရီလ ၁ ရက်ထက် နောက်မကျဘဲ စုဆောင်းပေးပို့ရမယ်လို့ ဥပဒေမှာပါရှိပါတယ်။ အသက်မီသူတွေကို မြို့နယ်အလိုက် မှတ်ပုံတင်ထားပြီး ဆေးစစ်ဆေးမှုခံယူပြီးမှသာ စစ်မှုထမ်းဖို့ ဥပဒေနဲ့အညီ ဆင့်ခေါ်သွားမှာ ဖြစ်ပါတယ်။

**အလေ့အကျင့်ကောင်းတွေရရှိစေ**

နိုင်ငံတကာမှာလည်း တစ်နိုင်ငံနဲ့တစ်နိုင်ငံကြား ပေါ်ပေါက်လေ့ရှိတဲ့ကိစ္စရပ်တွေအတွက် နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးကို အလေးထားတဲ့အနေနဲ့ ပြည်သူတိုင်း စစ်ပညာတတ်မြောက်ရမယ်၊ စစ်မှုထမ်းအတွေ့အကြုံရှိရမယ်၊ အချိန်မရွေး စစ်တိုက်တတ်ရမယ်ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ စစ်မှုထမ်းကြရပါတယ်။ စစ်မှုထမ်းကြရတဲ့အခါ အကြိုလေ့ကျင့်မှုတွေကြောင့် နိုင်ငံသားလူငယ်တွေဟာ ကာယသန်စွမ်းမှု၊ နိုးကြားဖျတ်လတ်မှု၊ စည်းစနစ်ကျနမှု၊ တိကျသေချာမှု၊ အမိန့်နာခံတတ်မှုနဲ့ အများနဲ့ယှဉ်တွဲနေထိုင်တတ်မှုတွေအပြင် အဓိက အရေးကြီးဆုံးဖြစ်တဲ့ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တွေ ကိန်းအောင်းလာနိုင်စေပါတယ်။ ဒ့ါအပြင် အခြေခံကျွမ်းကျင်မှုတွေ၊ အခြေခံသိမှုနယ်ပယ်တွေ ပိုမိုမြှင့်တင်ရာရောက်တဲ့အပြင် ကျန်းမာကြံ့ခိုင်တဲ့ အလေ့အကျင့်ကောင်းတွေကိုလည်း ရရှိနိုင်စေပါတယ်။

ကမ္ဘာမှာ စစ်မှုမထမ်းမနေရ ဥပဒေပြဋ္ဌာန်းပြီး တာဝန်ထမ်းဆောင်နေတဲ့ နိုင်ငံ ၁၈ နိုင်ငံရှိတယ်လို့ သိရှိရပါတယ်။ မိမိတို့နဲ့အနီးဆုံး စင်ကာပူနိုင်ငံဟာ လွတ်လပ်ရေးရပြီးစကတည်းက ပြည်သူ့တပ်မတော်ဆိုတဲ့ မိုဒယ်ကိုယူထားသလို စစ်မှုမထမ်းမနေရစနစ်ကို ကျင့်သုံးပါတယ်။ ဒါကြောင့် ၂၀၀၄ ခုနှစ်ကတည်းက လေ့ကျင့်ရည်ပြည့်ဝတဲ့ စစ်သည် ခုနစ်သောင်းကျော်ကို အရန်အင်အားအဖြစ် တည်ဆောက်ထားနိုင်ခဲ့ပါတယ်။ မိမိတို့ နိုင်ငံသားလူငယ်တွေနဲ့ အကျွမ်းတဝင်ရှိတဲ့ တောင်ကိုရီးယားနိုင်ငံမှာ ကျန်းမာသန်စွမ်းတဲ့ အမျိုးသားအားလုံးဟာ အသက် ၁၈ နှစ်ကနေ အသက် ၃၀ မကျော်ခင် စစ်မှုမထမ်းမနေရဖြစ်ပြီး ၁၈ လကနေ ၂၁ လအထိ တာဝန်ထမ်းဆောင်ကြရပါတယ်။ အဲဒီလိုပဲ ဆွစ်ဇာလန်နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်အရ အသက် ၂၀ မှ ၅၀ နှစ်အတွင်း ကျန်းမာသန်စွမ်းတဲ့ နိုင်ငံသားတိုင်း စစ်မှုထမ်းရပါတယ်။ အရာရှိဖြစ်မယ်ဆိုရင် အသက် ၅၅ နှစ်အထိ စစ်မှုထမ်းရပြီး စစ်မှုထမ်းရန် လိုအပ်သောအရည်အချင်း မပြည့်စုံသူတွေက အခွန်ပိုပေးဆောင်ကြရပါတယ်။

**နိုင်ငံသားတိုင်းရဲ့တာဝန်**

နိုင်ငံတစ်နိုင်ငံကို တည်ဆောက်တဲ့အခါ မိမိတို့နိုင်ငံက ပထဝီအနေအထားအရ အချက်အချာကျတဲ့နိုင်ငံဖြစ်တဲ့အတွက် အခွင့်အရေးတွေနဲ့အပြိုင် စိန်ခေါ်မှုတွေလည်း ကြုံတွေ့ရပါတယ်။ လက်ရှိကမ္ဘာပေါ်က ဖွံ့ဖြိုးဆဲနဲ့ ဖွံ့ဖြိုးမှုနှေးကွေးနောက်ကျတဲ့ နိုင်ငံအများစုက ကမ္ဘာ့အလယ်တင့်တယ်စေဖို့ စီးပွားရေးအင်အားနဲ့ ကာကွယ်ရေးအင်အားကို ဖြည့်တင်းကြရပါတယ်။ ပြည်တွင်းစည်းလုံးညီညွတ်ခြင်းကနေ နိုင်ငံ့စီးပွားရေးဦးမော့လာအောင် ကြိုးပမ်းကြရသလို အခြားနိုင်ငံတွေက မထီမဲ့မြင်ပြုလုပ်တာကိုမခံကြရဖို့၊ အင်အားတောင့်တင်းဖို့ ကြိုးပမ်းကြရပါတယ်။

မျိုးချစ်စိတ်ရှိတဲ့နိုင်ငံသားတိုင်း၊ နိုင်ငံချစ်စိတ်ရှိတဲ့နိုင်ငံသားတိုင်းက ကာကွယ်နိုင်ဖို့ ပြည်သူ့စစ်အဖွဲ့များ ဖွဲ့စည်းပေးရေး၊ ဒေသခံကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းပေးရေး အင်တိုက်အားတိုက်တောင်းဆိုနေတာတွေရှိတဲ့အခါ လက်ရှိမှာလည်း ပြည်သူ့စစ်အဖွဲ့တွေ၊ ဒေသခံကာကွယ်ရေးအဖွဲ့တွေကို ဖွဲ့စည်းနေကြတာပါ။ အခုလို ပိုမိုကောင်းမွန်တဲ့ ဥပဒေနဲ့ စနစ်တကျ တည်ဆောက်လိုက်ခြင်းကနေ နိုင်ငံအတွက် ကောင်းမွန်တဲ့အလားအလာကို ဖန်တီးသွားနိုင်ပါလိမ့်မယ်။

လက်ရှိ မြန်မာ့တပ်မတော်သားတွေအားလုံးက မျိုးချစ်စိတ်ဓာတ်ပြည့်ဝတဲ့ တိုင်းရင်းသားလူငယ်တွေဖြစ်ကြပြီး မိမိသဘောဆန္ဒအလျောက် ဝင်ရောက်စစ်မှုထမ်းဆောင်တဲ့ တပ်သားတွေနဲ့ စုစည်းထားတာ ဆယ်စုနှစ်ပေါင်းများစွာ ရှိခဲ့ပြီဖြစ်ပါတယ်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်ဟာ နိုင်ငံသားတိုင်းရဲ့ တာဝန်ဖြစ်တာကြောင့် ပေါ်ထွက်လာတဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေက နိုင်ငံသားတိုင်းအတွက် စစ်မှန်တဲ့ခံယူချက်ကို မှတ်ကျောက်တင်ပေးနိုင်တဲ့အပြင် နိုင်ငံကြီးသားပီသသူတွေအဖြစ် ရေးထိုးမှတ်တမ်းတင်နိုင်မယ့် အခွင့်အလမ်းအဖြစ် မှတ်ယူကြသင့်ပါတယ်။

စာမျက်နှာ ၇ သို့

## ပြည်သူသို့အသိပေးကြေညာချက်

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၄ ရက်နေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၂၇/၂၀၁၀ ဖြင့် ပြဋ္ဌာန်းထားခဲ့သော ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၊ ပုဒ်မခွဲ (ခ) အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်သူ့စစ်မှုထမ်းဥပဒေအား ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် စတင်အာဏာတည်ကြောင်း သတ်မှတ်သည့် အမိန့်ကြော်ငြာစာကို (၁၀-၂-၂၀၂၄)ရက်စွဲဖြင့် ထုတ်ပြန်ခဲ့ပါသည်။

ယခုအခါ အဆိုပါထုတ်ပြန်ချက်အပေါ် မီဒီယာအချို့နှင့် လူမှုကွန်ရက်စာမျက်နှာအချို့တို့တွင် ပြည်သူများ၏ ပြည်ပထွက်ခွာခွင့်များနှင့်ပတ်သက်၍ တားဆီးပိတ်ပင်နေသည်ဆိုသည့် ကောလာဟလသတင်းအမှားများထွက်ပေါ်လျက်ရှိပါသည်။

ပြည်သူ့စစ်မှုထမ်းဥပဒေ စတင်အာဏာတည်ကြောင်း သတ်မှတ်ခြင်းနှင့်ပတ်သက်၍ ပြည်သူများ၏ ပြည်ပထွက်ခွာခွင့်များအား လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ညွှန်ကြားချက်များ၊ ကန့်သတ်ချက်များ ထုတ်ပြန်စိစစ်တားဆီးခြင်းမရှိဘဲ အပြည်ပြည်ဆိုင်ရာလေဆိပ်များဖြစ်သည့် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်လေဆိပ်များအပါအဝင် အိမ်နီးချင်းနိုင်ငံများနှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသော နယ်စပ်ဝင်/ ထွက်ဂိတ်များမှ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဝင်ထွက်ခွင့်ပြုခြင်းများကို ယခင်အတိုင်း ဥပဒေနှင့်အညီ စနစ်တကျ ဝင်/ထွက်ခွင့်ပြု ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် ပြည်ပထွက်ခွာခွင့်များနှင့်ပတ်သက်၍ မည်သည့်ညွှန်ကြားချက်မျှ သီးခြားထုတ်ပြန်ဆောင်ရွက်ထားခြင်းမရှိပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်း၏ အကျိုးကျေးဇူးများ

ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုတိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း ဌာနခွဲသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၂၇-၁-၂၀၂၁ ရက်နေ့မှစတင်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ရာနှုန်းပြည့် ကာကွယ်ဆေးထိုးနှံရေး အစီအစဉ်အရ ဦးတည်အုပ်စုများ သတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ ၂၆-၁-၂၀၂၄ ရက်နေ့အထိ အသက် (၅)နှစ်နှင့်အထက်ရှိသော ကာကွယ်ဆေးထိုးနှံရန် အကျုံးဝင်သူလူဦးရေ ၄၃ သန်းကျော်အနက် လူဦးရေ ၃၉ ဒသမ ၈ သန်းခန့်ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ် ထိုးနှံပေးနိုင်ခဲ့ပြီး ကာကွယ်ဆေးလွှမ်းခြုံမှု ၉၂ ရာခိုင်နှုန်းရရှိခဲ့ပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးသည့် လူဦးရေမှာ ၃၆ ဒသမ ၃ သန်းခန့် ရှိပြီဖြစ်သောကြောင့် ကာကွယ်ဆေးလွှမ်းခြုံမှု ၈၄ ရာခိုင်နှုန်းရရှိခဲ့ပြီး ဖြစ်ပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်နိုင်ရေးအတွက် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ (၆)လပြည့်ပြီးသော အသက်(၅)နှစ်နှင့်အထက်ရှိသူများအား အသက်အရွယ်အုပ်စုများအလိုက် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး (ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် တတိယအကြိမ်) များကို ထိုးနှံပေးလျက်ရှိပါသည်။

Gavi Covax Facility မှ လှူဒါန်းသည့် Pfizer Original Strain Comirnaty 30 micrograms / dose နှင့် Omicron မျိုးကွဲများကိုပါ ကာကွယ်ပေးနိုင်သည့် Pfizer Original/ Omicron BA.4–5 Comirnaty (15/15 micrograms) /dose ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို အသုံးပြု၍ နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ၁-၁-၂၀၂၄ ရက်နေ့မှစတင်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နောက်ဆုံးအကြိမ်ထိုးနှံပြီးစီးမှုကာလ (၆)လပြည့်ပြီးသော ကျန်းမာရေးဝန်ထမ်းများ၊ အသက် ၅၀ နှစ်အထက် နာတာရှည်ရောဂါခံစားနေရသော ပြည်သူလူထုများ၊ အသက် ၅၀ နှစ်အထက် နိုင်ငံ့ဝန်ထမ်းများ၊ အသက် ၆၅ နှစ်နှင့်အထက် ပြည်သူလူထုများ၊ အသက် ၁၈ နှစ်နှင့်အထက် နာတာရှည်ရောဂါရှိသူများ၊ ကိုယ်ခံအားကျဆင်းသည့် ရောဂါရှိသူများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိပါသည်။

ထိုသို့ ပြည်သူလူထုများမှ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို အကြိမ်ပြည့် ထိုးနှံထားခြင်း၊ ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံထားခြင်းတို့ဖြင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကို ကာကွယ်နိုင်ခြင်း၊ ရောဂါဖြစ်ပွားပါက ပြင်းထန်မှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ခြင်း၊ မျိုးကွဲသစ်များ ပေါ်ပေါက်လာသော်လည်း ကာကွယ်ဆေးထိုးနှံထားပါက ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကို ကာကွယ်တားဆီးနိုင်ခြင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားသည့် လွှမ်းခြုံမှု (Coverage) ကောင်းမွန်ပါက ပြည်သူလူထုအကြား ရောဂါကာကွယ်နိုင်မှု မြင့်တက်လာပြီး ကိုဗစ်-၁၉ ရောဂါ အစုလိုက် ကပ်ရောဂါအသွင်ဖြစ်ပွားမှုမှ ကာကွယ်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။




## နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ၊ ဆေးဝါးများနှင့် တိုင်းရင်းဆေးဝါးများ၊ စားသောက်ဖွယ်ရာများ ပေးအပ်



**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်များကဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်လျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ဂုဏ်ပြုချီးမြှင့်ငွေများ၊ တိုင်းရင်းဆေးဝါးများနှင့်စားသောက်ဖွယ်ရာများ ပေးအပ်ခြင်းကို နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ ပေါင်းလောင်းရိပ်သာ၌ ပြုလုပ်ရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်စောသန်းလှိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၁၄၈၂၄၅၀၊ ငွေကျပ် ၄၁၀၅၂၉၅၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများ၊ ဆေးဝါးများနှင့် တိုင်းရင်းဆေးဝါးများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းနှင့် တာဝန်ရှိသူများက တိုင်းမှူးထံ ဂုဏ်ပြုပေးအပ်ကြသည်။ ထို့နောက် တိုင်းမှူးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါ ဂုဏ်ပြုချီးမြှင့်ငွေများ၊ တိုင်းရင်းဆေးဝါးများနှင့်စားသောက်ဖွယ်ရာများအား လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❒ စာမျက်နှာ ၆ မှ

တပ်မတော်မှာ တာဝန်ထမ်းဆောင်ပြီဆိုတာနဲ့ ဂျီနီဗာကွန်ဗင်းရှင်း၊ စစ်သည်တော်ကျင့်ဝတ် စတာတွေနဲ့အညီ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရမယ့် တာဝန်ဝတ္တရားအောက်မှာ အနီ၊ အစိမ်း၊ အပြာ၊ အဝါ စတဲ့ ကာလာမတူ ဝါဒမတူညီမှု အသီးသီး အားလုံးချုပ်ငြိမ်းပြီး ပြည်ထောင်စုသားအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် တွေ့ဆုံနိုင်ကြမယ်လို့ မျှော်လင့်ရသလို လူငယ်တွေအနေနဲ့လည်း တပ်မတော်ရဲ့မူဝါဒတွေ၊ ရပ်တည်ချက်တွေကို သိရှိနားလည်သဘောပေါက်ရာကနေ အနာဂတ်မှာ စစ်ဘက်- အရပ်ဘက်ဆက်ဆံရေး ကောင်းမွန်လာစေနိုင်မယ်လို့ ယူဆမိပါတယ်။

စွန့်စားလိုတဲ့လူငယ်တွေ၊ တိုင်းပြည်အတွက် ကျရာတာဝန်ထမ်းဆောင်ရင်း လူငယ်ဘဝ အတွေ့အကြုံရယူလိုတဲ့ လူငယ်တွေအတွက်တော့ အခုလို စစ်မှုထမ်းခွင့်ကို မျှော်လင့်နေကြပေမယ့် ပြည်ဖျက်မီဒီယာအချို့နဲ့ တိုင်းပြည်သစ္စာဖောက် အကြမ်းဖက်အဖွဲ့အစည်းတွေကတော့ အခုလို နိုင်ငံအတွက် လိုအပ်ချက်အရ ပြဋ္ဌာန်းလိုက်တဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေအပေါ် အမျိုးမျိုးသောတိုက်ခိုက်မှုတွေ၊ မဟုတ်မမှန် သတင်းအချက်အလက်တွေနဲ့ အကြောက်တရားတွေဖြစ်ပေါ်အောင် အမျိုးမျိုးမှိုင်းတိုက်ကြဦးမှာမို့ ပြည်သူတွေ နိုင်ငံအတွက် မျက်နှာမူကြရမယ့် အချိန်ဆိုတာ သတိပြုစေလိုပါတယ်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ အားလုံးမျှော်လင့်တောင့်တနေတဲ့ တည်ငြိမ်အေးချမ်းမှုကိုရရှိဖို့ ပြည်သူတွေလိုလားတဲ့ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီစနစ်ကိုတည်ဆောက်ဖို့ ပြည်သူ့စစ်မှုထမ်းစနစ်ကို လိုက်နာပါဝင်ကြရင်း နိုင်ငံနဲ့ ပြည်သူအားလုံးရဲ့ အနာဂတ်အတွက် အမှုတော်ထမ်းရွက်ကျေပွန်ကြပါစို့လို့ တိုက်တွန်းရေးသားလိုက်ရပါတယ်။ ။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး အမျိုးသားရေဥပဒေရေးဆွဲပြုစုရေး ဗဟိုကော်မတီ(၁/၂၀၂၄) ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား




**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

အမျိုးသားရေဥပဒေရေးဆွဲပြုစုရေး ဗဟိုကော်မတီ၏ (၁/၂၀၂၄) ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားရေဥပဒေရေးဆွဲပြုစုရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ အမျိုးသားရေဥပဒေရေးဆွဲပြုစုရေး ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

**ရေဥပဒေတစ်ရပ် ပေါ်ပေါက်ရေး**

ဦးစွာ အမျိုးသားရေဥပဒေရေးဆွဲပြုစုရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက ရေဆိုင်ရာ ဘက်စုံစီမံခန့်ခွဲမှုများ စနစ်တကျဆောင်ရွက်နိုင်ရန်နှင့် လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန်အတွက် တည်ဆဲဥပဒေ၊ နည်းဥပဒေများအားလုံးကို လွှမ်းခြုံနိုင်မည့် ရေဥပဒေတစ်ရပ် ပေါ်ပေါက်ရေးအတွက် နိုင်ငံတော်မှ အလေးထားအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် နိုင်ငံအတွင်းအတည်ပြုပြဋ္ဌာန်းထားသော ရေနှင့်ဆက်နွယ်သည့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် ချိတ်ဆက်လွှမ်းခြုံသည့် အမျိုးသားရေဥပဒေရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် အမျိုးသားရေဥပဒေရေးဆွဲပြုစုရေးဗဟိုကော်မတီ(Steering Committee)ကို နိုင်ငံတော်မှ ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်ကြောင်း။

အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီကို ၂၀၁၃ ခုနှစ်တွင် ဖွဲ့စည်းပြီးနောက် အမျိုးသားအဆင့် ရေမူဝါဒရေးဆွဲရေးနှင့် အမျိုးသားရေဥပဒေရေးဆွဲရေးတို့အတွက် တွန်းအားပေးဆောင်ရွက်ခဲ့ပါကြောင်း၊ ကော်မတီ၏ အကြံပေးအဖွဲ့မှ ပြုစုတင်ပြခဲ့သည့် အမျိုးသားအဆင့်ရေမူဝါဒကို ၂၀၁၅ ခုနှစ်တွင် ထုတ်ပြန်နိုင်ခဲ့ပြီး အမျိုးသားရေဥပဒေ မူကြမ်းရေးဆွဲရေးအတွက် ပြည်သူ့အကြံပြုအလုပ်ရုံဆွေးနွေးပွဲများကို ကျင်းပခဲ့ကြောင်း၊ အမျိုးသားအဆင့်ရေအရင်းအမြစ် ကော်မတီအနေဖြင့် ရေဥပဒေရေးဆွဲပြဋ္ဌာန်းရေးကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားရေဥပဒေပြုစုရေး Task Force အဖွဲ့ကို ဖွဲ့စည်းပေးခဲ့ကြောင်း၊ နိုင်ငံအတွင်းရှိ ရေအရင်းအမြစ်များ စီမံခန့်ခွဲမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့် အမျိုးသားရေဥပဒေပေါ်ပေါက်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်တွင် ပြင်ဆင်ဖွဲ့စည်းပေးခဲ့ပြီး ရေဥပဒေရေးဆွဲပြဋ္ဌာန်းရေးကို တာဝန်တစ်ရပ်အဖြစ် သတ်မှတ်ပေးခဲ့ကြောင်း။

အမျိုးသားရေဥပဒေရေးဆွဲ ပြဋ္ဌာန်းနိုင်ရေးကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက အမျိုးသားရေဥပဒေပြုစုရေး Task Force အဖွဲ့ကို ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင် ပြင်ဆင်ဖွဲ့စည်းခဲ့ကြောင်း၊ အမျိုးသားရေဥပဒေ ပထမမူကြမ်းအပေါ် ဌာနအဖွဲ့အစည်းများ၏ သဘောထားမှတ်ချက်နှင့် အကြံပြုချက်များကို စုစည်း၍ အမျိုးသားရေဥပဒေ ဒုတိယမူကြမ်းကို ပြင်ဆင်တည်းဖြတ်လျက်ရှိကြောင်း၊ အမျိုးသားရေဥပဒေပေါ်ပေါက်ရေးသည် ရေအရင်းအမြစ်ဘက်စုံစီမံခန့်ခွဲမှုအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့်အလျောက် ဗဟိုကော်မတီအဖွဲ့ဝင်များနှင့်ဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအနေဖြင့် အမျိုးသားရေဥပဒေ(မူကြမ်း) ရေးဆွဲပြုစုရေး၊ အတည်ပြုရေးနှင့် ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကဏ္ဍအလိုက် ဝိုင်းဝန်းအကြံပြု ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် အမျိုးသားရေဥပဒေရေးဆွဲပြုစုရေး ဗဟိုကော်မတီအတွင်းရေးမှူး ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းက အမျိုးသားရေဥပဒေမူကြမ်းရေးဆွဲရေးနှင့် စပ်လျဉ်းသည့် နောက်ခံသမိုင်း၊ အမျိုးသားအဆင့်ရေမူဝါဒ၊ ရေဥပဒေရေးဆွဲရေးဆောင်ရွက်ခဲ့မှုနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာသည့် အမျိုးသားရေဥပဒေရေးဆွဲပြုစုရေး ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများက ဖြန့်ဝေထားသည့် အမျိုးသားရေဥပဒေ(ဒုတိယမူကြမ်း)၊ အမျိုးသားရေဥပဒေပြုစုရေးလုပ်ငန်းစဉ်များနှင့် အမျိုးသားရေဥပဒေရေးဆွဲပြုစုရေး ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် အမျိုးသားရေဥပဒေရေးဆွဲပြုစုရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် မြန်မာနိုင်ငံရဲမှုထမ်းဟောင်းများအဖွဲ့ နှစ်နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား




**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

မြန်မာနိုင်ငံ ရဲမှုထမ်းဟောင်းများအဖွဲ့ နှစ်နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် တက်ရောက်အမှာစကားပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီ၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယရဲချုပ်များ၊ ရဲအရာရှိကြီးများ၊ မြန်မာနိုင်ငံ ရဲမှုထမ်းဟောင်းများအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များ၊ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြန်မာနိုင်ငံ ရဲမှုထမ်းဟောင်းများအဖွဲ့ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ရဲမှုထမ်းဟောင်းအဖွဲ့ဝင် အင်အားတိုးတက်ခိုင်မာလာအောင် တိုင်းဒေသကြီးနှင့် ပြည်နယ်စည်းရုံးရေးကော်မတီ၊ မြို့နယ်စည်းရုံးရေးကော်မတီများ ဖွဲ့စည်းပြီး စည်းရုံးဆောင်ရွက်ခဲ့ရာ ၂၀၂၃ ခုနှစ် အကုန်တွင် ရဲမှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြို့နယ်ရဲမှုထမ်းဟောင်း အဖွဲ့များနှင့် တိုင်းဒေသကြီး၊ ပြည်နယ်ကြီးကြပ်ရေးအဖွဲ့များ တိုးတက်ဖွဲ့စည်းနိုင်ခဲ့ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့် မြို့နယ်ရဲမှုထမ်းဟောင်းများ အဖွဲ့ဝင်များအတွက် သာရေး၊ နာရေး၊ လူမှုရေးဆိုင်ရာကိစ္စများတွင် ကူညီထောက်ပံ့နိုင်ရန်အတွက် ရန်ပုံငွေများပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့်လည်း အလျဉ်းသင့်သလို ရန်ပုံငွေများ ထည့်ဝင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြို့နယ်ရဲမှုထမ်းဟောင်းအဖွဲ့များမှ လက်ရှိပိုင်ဆိုင်ထားသည့် ရန်ပုံငွေကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီသည့်လုပ်ငန်းများဖြင့် တိုးပွားအောင် ဆက်လက်လုပ်ဆောင်သွားပြီးရရှိလာသည့် ရန်ပုံငွေများကို ရဲမှုထမ်းဟောင်းအဖွဲ့ဝင်များ သက်သာချောင်ချိရေးကိစ္စများအပြင် အဖွဲ့ဝင်မိသားစုများ၏ သက်သာချောင်ချိရေးကိစ္စများအထိ တတ်စွမ်းသမျှ ကူညီဆောင်ရွက်ပေးခြင်းဖြင့် မြန်မာနိုင်ငံ ရဲမှုထမ်းဟောင်းများအဖွဲ့ကို ပိုမိုကျစ်လျစ်ခိုင်မာလာအောင် တည်ဆောက်နိုင်မည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ ရဲမှုထမ်းဟောင်းများအဖွဲ့အနေဖြင့် အဖွဲ့၏ရည်ရွယ်ချက်(၄)ရပ်နှင့် လုပ်ငန်းစဉ်(၆)ရပ်တို့ကို အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ရန်အတွက် ငါးနှစ်တာကာလ လျာထားစီမံချက်များရေးဆွဲပြီး နှစ်အလိုက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ရေးဆွဲဆောင်ရွက်လျက်ရှိရာတွင် လျာထားစီမံချက်ပါအတိုင်း အောင်မြင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် အဖွဲ့ဝင်အင်အားတောင့်တင်းရေးကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်သည့်အတွက် သတ်မှတ်ချက်နှင့်ကိုက်ညီသည့် ရဲတပ်ဖွဲ့ဝင်ဟောင်းများအားလုံး အဖွဲ့ဝင်ဖြစ်လာစေရေး အလေးထားစည်းရုံးကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံရဲမှုထမ်းဟောင်းများ အဖွဲ့အနေဖြင့် အဖွဲ့၏ ရည်ရွယ်ချက်များ အောင်မြင်အောင် ဆောင်ရွက်ရာတွင် ဒို့တာဝန်အရေး(၃)ပါးကိုဦးထိပ်ထား၍ ပြည်တွင်းလုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ မှုခင်းကျဆင်းရေးဆောင်ရွက်သည့်အပိုင်းတွင် တတ်စွမ်းနိုင်သမျှ မိမိတို့ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် တစ်ဖက်တစ်လမ်းမှ ပံ့ပိုးပါဝင်ကူညီပေးခြင်းအားဖြင့် နိုင်ငံတော်တာဝန်ကို ထမ်းဆောင်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ရဲမှုထမ်းဟောင်း ကိုယ်စားလှယ်များက တစ်ဦးချင်းမိတ်ဆက်ကာ မြန်မာနိုင်ငံရဲမှုထမ်းဟောင်းများအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌက နှစ်နှစ်တာကာလအတွင်း လုပ်ငန်းဆောင်ရွက်ခဲ့မှုအခြေအနေနှင့် ရှေ့လုပ်ငန်းစဉ်ချမှတ်ထားရှိမှုကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မဲဆန္ဒရှင်စာရင်း ပြုစုရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေး အတွက် အလေးအနက်ထား ဆောင်ရွက်လျက်ရှိရာ မဲဆန္ဒရှင်စာရင်းပြုစုရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။




အစည်းအဝေးသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးကိုကို၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထဲရေး ဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုက မဲဆန္ဒရှင်စာရင်း မှန်ကန်ရေးသည် ရွေးကောက်ပွဲအတွက် အရေးအကြီးဆုံးဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ၌ မဲစာရင်းများ မှားယွင်းမှုရှိခဲ့သည့်အတွက် ကော်မရှင်အနေဖြင့် မဲစာရင်း ပြည့်စုံမှန်ကန်ရေးကို အလေးထားဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့်လည်း မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်ရေးကို အလေးထားသည့်အတွက် မြေပြင်ကွင်းဆင်းစာရင်း ကောက်ယူရေးကော်မတီများကို ဗဟို၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်အဆင့်ထိ ဖွဲ့စည်းပေးခဲ့ပြီး ဆောင်ရွက်စေခဲ့ကြောင်း၊ ကော်မရှင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့အနေဖြင့် မဲစာရင်းပြုစုရာတွင် လိုအပ်သည့် လိုအပ်ချက်များ အဆင်ပြေစေရေး ညှိနှိုင်းဆောင်ရွက်ကြရန် လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က မြေပြင်စာရင်းကောက်ယူရေး ကော်မတီဖွဲ့စည်းမှုနှင့် ဆောင်ရွက်ခဲ့မှု၊ မြေပြင်စာရင်းကောက်ယူ ရရှိမှုအခြေအနေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လူဦးရေစာရင်း(ပထမမူကြမ်း) ပေးပို့ခဲ့မှုအခြေအနေ၊ ဆန္ဒမဲပေးရာတွင် အဓိကကျသည့် နိုင်ငံသားစိစစ်ခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ထုတ်ပေးနိုင်ရေး ပန်းခင်းစီမံချက်များဆောင်ရွက်မှု၊ နိုင်ငံရေးပါတီများ၏ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များနှင့် ပါတီဝင်အင်အား စိစစ်မှုအခြေအနေ၊ ၂၀၂၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူမည့်အစီအစဉ်နှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားတိုင်း မဲပေးခွင့် ရရှိရေးအတွက် ကျန်လပ်မှုမရှိစေရန် ၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များက မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်ရေး ဆောင်ရွက်ရာတွင် တွေ့ရှိရသည့် လိုအပ်ချက်များကို တင်ပြကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီးတို့က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များနှင့် တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ် (၁၃) ရှိ အစည်းအဝေးခန်းမ၌ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များနှင့်တွေ့ဆုံသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဇော်မြင့်၊ ဒေါက်တာမိုးဇော်ထွန်း၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်း၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်ပါမောက္ခချုပ်များ၊ ဒီဂရီကောလိပ်ကျောင်းအုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက္ကသိုလ်အုပ်ချုပ်သူများအနေဖြင့် အားနည်းချက်များကို ပြုပြင်၍ အားကောင်းလာစေရန်နှင့် အားသာချက်များကို ပိုမိုအားကောင်းစေရန် အမြဲမပြတ်ကြိုးစားဆောင်ရွက်နေကြရမည်ဖြစ်ကြောင်း၊ လူမှုနယ်ပယ်တွင် လက်တွေ့အသုံးချနိုင်သည့် ဝိဇ္ဇာ၊ သိပ္ပံ ပညာရပ်များကို သင်ကြားပေးကြရန်လိုကြောင်း၊ တက္ကသိုလ်များ၊ ကျောင်းများ၏ ပရိဝုဏ်များတွင် ဥပမိရုပ်ကောင်းမွန်ရေး၊ သန့်ရှင်းသပ်ရပ်သာယာရေးအတွက် အလေးထား ထိန်းသိမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ မိမိတို့ကျောင်းအလိုက် စာကြည့်တိုက်များတွင် ဘာသာရပ်ဆိုင်ရာစာအုပ်၊ စာတမ်းများ စနစ်တကျ ဝယ်ယူဖြည့်ဆည်း ဆောင်ရွက်ကြစေလိုကြောင်း၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေးကင်းရှင်းကြရန်လိုကြောင်း၊ မိမိတို့သည် နိုင်ငံ့ဝန်ထမ်းဖြစ်ပြီး ကျရာတာဝန်များကို စေတနာအပြည့်ဖြင့် ကျေပွန်အောင် ထမ်းဆောင်ခြင်းဖြင့် နိုင်ငံ့တာဝန်ကျေပွန်အောင် ဆောင်ရွက်သူများ ဖြစ်စေလိုကြောင်း၊ ပညာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် အောက်ခြေဝန်ထမ်းများ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးကြောင်း၊ အောက်ခြေဝန်ထမ်းများနှင့် နွေးနွေးထွေးထွေး ဆက်ဆံ၍ လုပ်ငန်းအောင်မြင်ရေးအတွက် လက်တွဲဆောင်ရွက်ကြစေလိုကြောင်း၊ တက္ကသိုလ်များတွင် ပညာရေးအရည်အသွေး ကောင်းမွန်သည့် နိုင်ငံ့သားကောင်း၊ သမီးမွန်များကို ပြုစုပျိုးထောင် မွေးထုတ်ပေးကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၁၉) ကျင်းပရေး၊ တက္ကသိုလ်တစ်ခုစီတွင် ထင်ရှားကျော်ကြားသော ဘာသာရပ် (Flagship Programme) တစ်ခု ထူထောင်ရေး၊ လူမှုနယ်ပယ်အတွက် လက်တွေ့အသုံးချနိုင်သော သုတေသနများလုပ်ဆောင်ရေး၊ ရှားပါးဘာသာရပ်များတွင် ပါရဂူဘွဲ့သင်တန်းသားများ တိုးချဲ့လက်ခံရေး ကိစ္စရပ်များကို ဆွေးနွေးပြီး တက်ရောက်လာသည့်ပါမောက္ခချုပ်များကတက္ကသိုလ်၊ ဒီဂရီကောလိပ် ဖွံ့ဖြိုးတိုးတက်ရေး၊ လူသားအရင်းအမြစ်များ ပြုစုပျိုးထောင် မွေးထုတ်ပေးနိုင်ရေး၊ ဘာသာရပ်ဆိုင်ရာ အရည်အသွေး ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားကြသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အခြေခံပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး၊ ပြည်နယ်ပညာရေးမှူးများ၊ ခရိုင်ပညာရေးမှူးများနှင့် တွေ့ဆုံပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံပညာရေးကဏ္ဍသည် အလွန်အရေးကြီးကြောင်း၊ အတန်းတင်စာမေးပွဲများအပြီး ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၉ ရက်အထိ ကျင်းပမည့် Grade-5၊ Grade-9 စာမေးပွဲများကို ဆက်လက်ကျင်းပမည်ဖြစ်ရာ အောင်မြင်ချောမွေ့စွာ ပြီးမြောက်နိုင်ရေး ပညာရေးဝန်ထမ်းအားလုံးက ဝိုင်းဝန်းလက်တွဲဆောင်ရွက်ကြရန်၊ ကျောင်းသား ကျောင်းသူများ ပညာသင်ယူမှုအခွင့်အလမ်းကို ရရှိအောင် ဆောင်ရွက်ပေးကြရန်၊ တက္ကသိုလ်ဝင်စာမေးပွဲကို အမှားအယွင်းမရှိစေဘဲ အောင်မြင်စွာပြီးမြောက်နိုင်ရေးအတွက် အခြေခံပညာမှ ဆရာ ဆရာမများနှင့် အဆင့်မြင့်ပညာမှ တာဝန်ရှိသူများအားလုံး ညီညီညွတ်ညွတ်ပူးပေါင်း၍ အောင်မြင်အောင် အလေးထားဆောင်ရွက်ပေးကြရန် ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့အထိမ်းအမှတ် ပုံတူပန်းချီပြိုင်ပွဲ၊ နံရံကပ်စာစောင်ပြပွဲ ကျင်းပ




**တနသ်ာရီ ဖေဖော်ဝါရီ ၁၅**

ဖေဖော်ဝါရီ ၁၃ ရက်တွင် ကျရောက်ခဲ့သည့် (၁၀၄)နှစ်မြောက် မြန်မာ့လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့အထိမ်းအမှတ်အဖြစ် ဟောပြောပွဲ၊ ပုံတူပန်းချီပြိုင်ပွဲ၊ ဆုချီးမြှင့်ပွဲ၊ အထိမ်းအမှတ် နံရံကပ်စာစောင်ပြပွဲ၊ ဓာတ်ပုံပြပွဲများ အခမ်းအနားကို တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ဖေဖော်ဝါရီ ၁၃ ရက်က ပြုလုပ်ခဲ့သည်။

ထို့နောက် တပ်ဦး-အခြေခံပညာမူလတန်းကျောင်း GRADE-5 အတန်းမှ ကျောင်းသား ကျောင်းသူ ၁၆ ဦးတို့က လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ကိုယ်တစ်ပိုင်းဓာတ်ပုံဖြင့် ပုံတူပန်းချီပြိုင်ပွဲကို ယှဉ်ပြိုင်ရေးဆွဲခဲ့ကြပြီး ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် ကျောင်းသား ကျောင်းသူသုံးဦးအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထိန်ဝင်းက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ခဲ့သည်။

ထို့နောက် လူထုအခြေပြုဗဟိုခန်းမအတွင်း ခင်းကျင်းပြသထားသည့် မြန်မာ့လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းကောက်နုတ်ချက်များ၊ အတ္ထုပ္ပတ္တိနှင့် မြို့နယ်အတွင်း လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို ကျောင်းသား ကျောင်းသူများက လေ့လာကြည့်ရှုကြကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# မြန်မာနိုင်ငံသို့ ခေတ္တပြန်လည်ခေါ်ယူထားသည့် သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် ကောင်စစ်ဝန်ချုပ်များအား နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို သက်ဆိုင်ရာတာဝန်ရှိသူများက ဆွေးနွေးပြောကြား

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

မြန်မာနိုင်ငံသို့ ခေတ္တပြန်လည်ခေါ်ယူထားသည့် သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် ကောင်စစ်ဝန်ချုပ်များအား နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း၊ ပြည်ပနိုင်ငံများတွင် တာဝန်ထမ်းဆောင်ရာမှ ခေတ္တပြန်လည်ခေါ်ယူထားသည့် သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် ကောင်စစ်ဝန်ချုပ်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက အဖွင့်အမှာစကားပြောကြား၍ ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်က ပြည်ပရောက် မြန်မာနိုင်ငံသား အလုပ်သမားများအား ကာကွယ်ကူညီ စောင့်ရှောက်ရေးအတွက် အလုပ်သမားဝန်ကြီးဌာနနှင့်မြန်မာသံရုံးများ ပူးပေါင်းဆောင်ရွက်ပေးမည့်အစီအစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားပြီး သံရုံးအကြီးအကဲများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ဆောင်ရွက်နေမှု၊ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ပေးနေမှုနှင့် အွန်လိုင်းလိမ်လည်မှုများတွင် အသုံးချခံရသည့် နိုင်ငံခြားသားများအား ပြန်လည်လွှဲပြောင်း ပေးပို့နေမှု အခြေအနေများကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက နိုင်ငံတော်၏ ဘဏ္ဍာရေးမူဝါဒ၊ ငွေကြေးမူဝါဒ၊ ရင်းနှီးမြှုပ်နှံမှုမူဝါဒနှင့် ကုန်သွယ်ရေးမူဝါဒနှင့် ပတ်သက်၍လည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်က ပြည်ပနှင့် ပြည်တွင်းမှ ရင်းနှီးမြှုပ်နှံမှုအခြေအနေများနှင့် ပုံမှန်ကုန်သွယ်ရေးနှင့် နယ်စပ်ကုန်သွယ်ရေးအခြေအနေများနှင့် ပတ်သက်၍လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးမင်းမင်းက ပြည်တွင်း အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ (MSME) ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုနှင့် အထူးစီးပွားရေးဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက်သံအမတ်ကြီးများနှင့် သံရုံး ယာယီတာဝန်ခံများက သက်ဆိုင်ရာ နိုင်ငံများအလိုက် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဖော်ဆောင်နေမှု၊ အလုပ်သမားများ စေလွှတ်ရေးဆိုင်ရာကိစ္စရပ်များနှင့် အခြားကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ သက်ဆိုင်ရာဘာသာရပ်အလိုက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြပြီး ဆွေးနွေးပွဲကို ညနေပိုင်းတွင် ရပ်နားလိုက်ကြောင်း သိရသည်။ **သတင်းစဉ်**



# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး လူငယ်ရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် အလှူငွေပေးအပ်ပွဲအခမ်းအနား တက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

နေပြည်တော်ကောင်စီ လူငယ်ရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ နေပြည်တော်ကောင်စီလူငယ်ရေးရာကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာများ၊ နေပြည်တော်ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ နေပြည်တော် မသန်စွမ်းသူများအသင်းဥက္ကဋ္ဌနှင့် လူငယ်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက မျိုးဆက်သစ်လူငယ်များအနေဖြင့် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ အဓိကစွမ်းအားအရင်းအမြစ်များအဖြစ် ပါဝင်နိုင်ရေး၊ ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရေးအတွက် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လူငယ်များ အသိပညာ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် အသိပညာပေးဟောပြောပွဲများ၊ လူငယ်စကားဝိုင်းများ၊ အသက်မွေးဝမ်းကျောင်း သင်တန်းများ၊ ကင်းထောက်လူငယ်သင်တန်းများအပြင် လူငယ်များအတွက် အကျိုးရှိစေမည့်သင်တန်းများကို သက်ဆိုင်ရာဌာနများက ဖွင့်လှစ်သင်ကြားစေလိုကြောင်း ပြောကြားသည်။



ထို့နောက် နေပြည်တော်ကောင်စီ လူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက ကော်မတီ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများက ကျောင်းကျန်းမာရေးဆောင်ရွက်မှု၊ လူငယ်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ၊ နေပြည်တော်အတွင်း လူငယ်ရေးရာဖွံ့ဖြိုးတိုးတက်ရေးအတွက် ကင်းထောက်သင်တန်းနှင့် လူငယ်သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးမည့် အခြေအနေများကို ကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ပျဉ်းမနားမြို့ မင်္ဂလာကန်တော်ခန်းမ၌ ကျင်းပသည့် ကန်တော်မင်္ဂလာရှမ်းကန်ရေလယ်ဘုရားကျောင်းဆောင်သစ် ဆောက်လုပ်ခြင်းနှင့် ရှင်ဥပဂုတ္တကျောင်းဆောင် ဆောက်လုပ်ခြင်းအတွက် တတိယအကြိမ် အလှူငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားပြီး ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များနှင့် စေတနာရှင်အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ အမြဲတမ်းအတွင်းဝန်နှင့် နေပြည်တော်ကောင်စီအတွင်းရေးမှူးတို့က လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် အဆင့်မြှင့်တင်တည်ဆောက်လျက်ရှိသည့် ရေလယ်ကျောင်းဆောင်၊ ရှင်ဥပဂုတ္တကျောင်းဆောင်အသစ်တည်ဆောက်ခြင်း၊ လူလျှောက်လမ်းတံတားအသစ်တည်ဆောက်ပြီးစီးမှုနှင့် ကန်ပတ်လည်တွင် မြေယာရှုခင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဆောင်ရွက်ရန်လိုအပ်သည်များကို မှာကြားသည်။

ယနေ့ကျင်းပသည့် တတိယအကြိမ် အလှူငွေပေးအပ်ပွဲတွင် နေပြည်တော်ကောင်စီမှတစ်ဆင့် အလှူရှင် ၂၂၄ ဦးတို့က စုစုပေါင်းလှူဒါန်းငွေကျပ်သိန်း ၃၇၀၀ ကျော် ပါဝင်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



# ဥပဒေရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ဥပဒေရေးရာအသိပညာပေးဟောပြောပွဲကို ယနေ့မွန်းလွဲပိုင်းတွင် Naypyitaw State Academy ရှိ ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ Naypyitaw State Academy ဒုတိယပါမောက္ခချုပ်(သင်တန်း) ဒေါက်တာ စိုးစိုးအောင်က ဥပဒေရေးရာ အသိပညာပေးဟောပြောပွဲကျင်းပခြင်းရည်ရွယ်ချက်ကိုရှင်းလင်းပြောကြားပြီး အဖွင့်အမှာစကား ပြောကြားသည်။

**အသိပညာပေးဟောပြော**

ထို့နောက် ဥပဒေရေးရာဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဇော်ထွေးက ပြစ်မှုဆိုင်ရာသိကောင်းစရာ အသိပညာပေးဟောပြောသည်။

အဆိုပါ ဟောပြောပွဲသို့ Naypyitaw State Academy ဒုတိယပါမောက္ခချုပ်(သင်တန်း) ဒေါက်တာ စိုးစိုးအောင်၊ ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (၇၈)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ထူးချွန်ဆုရရှိသောဝန်ထမ်းများအား ဆုချီးမြှင့်ပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ပြန်ကြားရေး ဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (၇၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ထူးချွန်ဆုရရှိသော ဝန်ထမ်းများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ရုံးချုပ်၌ ကျင်းပသည်။





ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (၇၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ထူးချွန်ဆုရရှိသော ဝန်ထမ်းများအား ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

အခမ်းအနားသို့ ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယ ဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်း အတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဝန်ထမ်းများက "မင်္ဂလာပါ" တေးသီချင်းဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ကြသည်။




ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်း ရေခဲသေတ္တာ ကံစမ်းမဲပေါက်သည့် ဝန်ထမ်းတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမှာစကားပြောကြားပြီး ဝန်ထမ်းလုပ်သက်(၃၇)နှစ် ပြည့်မြောက်သည့် ဝန်ထမ်းများနှင့် ပြည်တွင်း၊ ပြည်ပ သင်တန်း/ ပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် ဝန်ထမ်းများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးရဲတင့်က ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိကြသည့်ဝန်ထမ်းများနှင့် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် နိုင်ငံတော်အဆင့်ရွှေတံဆိပ်ဆုရဝန်ထမ်းများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများက အစီအစဉ်ထုတ်လုပ်မှုထူးချွန်ဆု၊ သတင်းတည်းဖြတ်ထုတ်လွှင့်မှု ထူးချွန်ဆု၊ သတင်းတင်ဆက်မှု ထူးချွန်ဆု၊ စက်မှုဆိုင်ရာထူးချွန်ဆု၊ ရိုက်ကူးထုတ်လုပ်မှုဆိုင်ရာ ထူးချွန်ဆု၊ လုပ်ငန်းစွမ်းဆောင်ရည်ထူးချွန်ဆုနှင့် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်မှုထူးချွန်ဆု ရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဝန်ထမ်းများအတွက် ဗလာမပါကံစမ်းမဲများဖွင့်ဖောက်၍ ဆုများပေးအပ်ချီးမြှင့်ကြပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဝန်ထမ်းများက "MRTV နှင့် ကောင်းသောနေ့" တေးသီချင်းဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ဟိုတယ်နှင့်ခရီးသွားကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဝန်ကြီးရုံး၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနနှင့် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်ရုံးခွဲများပါဝင်သော လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပသည်။



## တက်ရောက်

အစည်းအဝေးသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယ အမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ကြီးရုံးနှင့် ဦးစီးဌာနတို့မှ ဌာနခွဲတာဝန်ခံ ညွှန်ကြားရေးမှူးများ၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး/ ပြည်နယ်ရုံးများမှ တာဝန်ခံ ညွှန်ကြားရေးမှူးများနှင့် ဒုတိယညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ခရီးသွားလုပ်ငန်းသည် ဝန်ဆောင်မှုကဏ္ဍကြီးအောက်တွင် ပါဝင်ပြီး ဝန်ကြီးဌာနအနေဖြင့် ပုဂ္ဂလိကကဏ္ဍ၏ ပူးပေါင်းဆောင်ရွက်မှုကို ရယူရန်လိုအပ်ပြီး ၎င်းတို့၏အခက်အခဲများကို မူဝါဒ၊ စည်းမျဉ်းစည်းကမ်းဘောင်အတွင်းမှ အတတ်နိုင်ဆုံး အကူအညီပေးကြရမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ခရီးသွားလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကြုံတွေ့ရသောအခက်အခဲများ ဖြေရှင်းဆောင်ရွက်ပေးရန်နှင့် ပုဂ္ဂလိက ကဏ္ဍပိုင်းနှင့်လည်း ပူးပေါင်းဆောင်ရွက်မှု အားကောင်းစေရေးအတွက် အစိုးရ-ပုဂ္ဂလိကအားလုံးပါဝင်သော Public Private Dialogue များကို Working Group အဖွဲ့များဖွဲ့၍ အပြန်အလှန် ဆွေးနွေးဆောင်ရွက်လျက်ရှိပါကြောင်း၊ တစ်နိုင်ငံလုံးရှိ ခရီးစဉ်ဒေသများ၌ ခရီးသွားလုပ်ငန်းများ ပြန်လည်ရှင်သန်ဖွံ့ဖြိုးလာစေရေးအတွက် နယ်ရုံးခွဲများ၏အခန်းကဏ္ဍမှာ အရေးကြီးပါကြောင်း။

မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပြည်ပခရီးသွားဧည့်သည်များ ပိုမိုလာရောက်ရေးဆောင်ရွက်ရမည်ဖြစ်သလို ပြည်တွင်းခရီးသွားလုပ်ငန်း ဆက်လက်ဖွံ့ဖြိုးရေးကိုလည်း ကြိုးစားကြရမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ခရီးစဉ်ဒေသများသန့်ရှင်းသာယာလှပပြီး ဆွဲဆောင်မှုရှိသော ခရီးစဉ်များဖြစ်အောင် ခရီးစဉ်ဒေသစီမံခန့်ခွဲမှုအဖွဲ့များအား ခရီးစဉ်ဒေသအားလုံး၌ ဖွဲ့စည်းထားကြရန် လိုအပ်ပြီး လုပ်ငန်းအကောင်အထည်ဖော်ဆောင်မှု အားကောင်းစေရန်ကိုလည်း ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ဝန်ကြီးဌာနက ထုတ်ပြန်ရေးဆွဲထားသော မူဝါဒနှင့် ညွှန်ကြားချက်များကိုလည်း မိမိတို့တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ခရီးသွားလုပ်ငန်းလုပ်ကိုင်နေသူများက လိုက်ပါဆောင်ရွက်ကြရေးအတွက် တိုက်တွန်းနှိုးဆော်ကြရန်နှင့် ကူညီပံ့ပိုးရန်ရှိသည်များကိုလည်း ကူညီပေးကြရန်လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးက ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ-ပုဂ္ဂလိက ဟန်ချက်ညီညီပူးပေါင်းဆောင်ရွက်ကြရေး၊ ဝန်ကြီးဌာနမှ ဝန်ထမ်းရေးရာ ကိစ္စရပ်များ ဆောင်ရွက်ပေးနေမှု အခြေအနေများကို ပြောကြားသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးများမှ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ အကောင်အထည်ဖော်နိုင်မှုများ၊ ခရီးစဉ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မှုအခြေအနေများ၊ ခရီးစဉ်ဒေသများသို့ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ ဝင်ရောက်မှုအခြေအနေများ၊ လုပ်ငန်းလိုင်စင်များ ထုတ်ပေးထားရှိမှုအခြေအနေများ၊ ခရီးသွားလုပ်ငန်းအမျိုးအစားအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများ၊ ခရီးစဉ်ဒေသအသစ်များဖော်ထုတ်ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ဖြည့်စွက်ဆွေးနွေးပြောကြားပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အလုပ်သမားဝန်ကြီးဌာန၏ ဒုတိယအကြိမ်မြောက် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ဝန်ထမ်းများ ပျော်ရွှင်စွာဖြင့် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာကို ထိန်းသိမ်းရေးဟူသော ရည်ရွယ်ချက်များဖြင့် အလုပ်သမားဝန်ကြီးဌာန၏ ဒုတိယအကြိမ်မြောက် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးဌာနရှိ ယာဉ်ရပ်နားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အမြဲတမ်းအတွင်းဝန် ဦးညွန့်ဝင်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဦးစီးဌာန၊ အဖွဲ့ရုံးများမှ ဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့ကျင်းပသော မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲသည် ၁၂ လရာသီ ပွဲတော်များ၌ စုပေါင်းအင်အားဖြင့် စည်းလုံးညီညွတ်စွာ ဆောင်ရွက်ရသည့် ထူးခြားသော ရိုးရာပွဲတစ်ခုဖြစ်ကြောင်း၊ စည်းလုံးညီညွတ်မှုဖြင့် ဆောင်ရွက်ပါက အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်အသင်းများ အနေဖြင့် စည်းစည်းလုံးလုံး တက်တက်ကြွကြွ ယှဉ်ပြိုင်သွားကြရန်ပြောကြားပြီး ဝန်ကြီးဌာနရှိ ဝန်ကြီးရုံး၊ ဦးစီးဌာန၊ အဖွဲ့ရုံးများမှ ပြိုင်ပွဲဝင် အသင်း ခုနစ်သင်းတို့၏ မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာအတိုင်း အားကြိုးမာန်တက် ယှဉ်ပြိုင်နေမှုနှင့် ဝန်ထမ်းများ အိုးစည်၊ ဒိုးပတ်များဖြင့် တီးမှုတ်ကခုန်၍ ပျော်ရွှင်စွာ အားပေးနေမှုတို့ကို ကြည့်ရှုအားပေးကာ ဆုရရှိသည့် အသင်းများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ကုန်သွယ်မှုလမ်းကြောင်းများ၊ မွေးမြူရေးဇုန်များ၊ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်း စစ်ဆေးရေးဂိတ်များတွင် တာဝန်ထမ်းဆောင်ကြမည့် စစ်ဆေးရေးမှူးသင်တန်း(၁/၂၀၂၄) ဖွင့်လှစ်



**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

စစ်ဆေးရေးမှူး သင်တန်း အမှတ်စဉ်(၁/၂၀၂၄)ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပျဉ်းမနားမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မှူးရုံး သင်တန်းခန်းမ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မွေးမြူရေးသုတေသနဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက ဇီဝလုံခြုံရေးလုပ်ငန်းများသည် မွေးမြူရေးကဏ္ဍတစ်ခုလုံး၏ အရေးပါဆုံးလုပ်ငန်းစဉ်တစ်ခုဖြစ်ကြောင်း၊ စစ်ဆေးရေးဂိတ်များတွင် တာဝန်ချထားပြီး စောင့်ကြည့်စစ်ဆေးမည့် စစ်ဆေးရေးမှူးများ၊ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်း စစ်ဆေးရေးဂိတ်များတွင် တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများကို ဇီဝလုံခြုံရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်စေရန်နှင့် ခွာနာလျှာနာရောဂါကင်းရှင်းဇုန်၊ ကာကွယ်ရေးဇုန်၊ ထိန်းချုပ်ရေးဇုန်လုပ်ငန်းများနှင့် ကုန်သွယ်ရေးလုပ်ငန်းများ တိုးတက်အောင်မြင်အောင် ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ယခုသင်တန်းကို ဖွင့်လှစ်ရခြင်း ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၃၃ ဦး တက်ရောက်ကြောင်း၊ သင်တန်းကာလမှာ ဖေဖော်ဝါရီ ၁၅ ရက်မှ ၂၆ ရက်အထိ ကြာမြင့်မည်ဖြစ်ပြီး သင်တန်းတွင် မွေးမြူရေးဇုန်များ တည်ထောင်ထားရှိမှု၊ ဝက်၊ ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ကြက်၊ ဘဲ အရှင်သယ်ဆောင်မှုကို စစ်ဆေးခြင်း၊ ရွှေ့ပြောင်းသယ်ဆောင်ခြင်းကို စစ်ဆေးခြင်း၊ အအေးခဲသား သယ်ဆောင်မှုကို စစ်ဆေးခြင်း၊ ခွာနာလျှာနာရောဂါ၊ ပေါင်ပုပ်လက်ပုပ်ရောဂါ၊ အရေပြားအကျိတ်နာရောဂါ၊ အာဖရိကဝက်အပြင်းဖျားရောဂါ၊ လည်ချောင်းကွဲရောဂါ၊ ထောင့်သန်းရောဂါနှင့် တိရစ္ဆာန်ကူးစက်ရောဂါများကို စောင့်ကြည့်စစ်ဆေးခြင်းဆိုင်ရာများ၊ လုပ်ငန်းနှင့်သက်ဆိုင်သည့် ဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ရှင်းလင်းစွာသိရှိနားလည်ပြီး စွမ်းဆောင်မှုမြင့်မားစေရေးအတွက် သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီးသည် လေ့ကျင့်သင်ကြားရေးဆေးရုံ၌ တိရစ္ဆာန်များ လာရောက်ဆေးကုသခံယူနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ရုံးအမှတ်(၃၆) အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးနှင့် ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ အသားကဏ္ဍ တိုးတက်ထုတ်လုပ်နိုင်ရေး၊ စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ချောထုတ်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာရေး အားပေးမြှင့်တင်ဆောင်ရွက်ရေး၊ မွေးမြူရေးခြံတည်ထောင်လုပ်ကိုင်လိုသူများကို အသိပညာပေး၊ နည်းပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးရေး၊ အသေးစား၊ အငယ်စားနှင့် အလတ်စား မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများအတွက် ခိုင်မာသောဈေးကွက် ဖော်ဆောင် ပေးနိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ခန္တီးမြို့နယ်၌ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်ရေး လူငယ်စကားဝိုင်း ကျင်းပ

**ခန္တီး ဖေဖော်ဝါရီ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်တွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ယမန်နေ့မွန်းလွဲ ၂ နာရီက အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

**အမှာစကားပြောကြား**

ယင်းလူငယ်စကားဝိုင်းတွင် ကျောင်းအုပ်ဆရာမကြီး ဒေါက်တာ ဥမ္မာဝင်းက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်နန်းအေးခိုင်က လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေးအတွက် လူငယ်စကားဝိုင်းများ ကျင်းပရခြင်း ရည်ရွယ်ချက်များကို ပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းကိုစတင်ကျင်းပရာ ဦးဆောင်ဆွေးနွေးသူအဖြစ် ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီး ကျောင်းသား ကျောင်းသူများက "လူငယ်နှင့် အနုပညာ"၊ "လူငယ်နှင့်ယဉ်ကျေးမှု"၊ "လူငယ်နှင့် လူမှုပတ်ဝန်းကျင်"၊ "လူငယ်နှင့် စာပေ"စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးကြကာ တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက မိမိတို့သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ပါဝင်ဆွေးနွေးသည့် ကျောင်းသား ကျောင်းသူများနှင့် ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**အေးခိုင်(ပြန်/ဆက်)**



# နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

စစ်ကိုင်း တိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**



# မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းသို့ စာအုပ်များ လှူဒါန်း

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

ကျေးရွာနှင့်ရပ်ကွက်များရှိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသို့ အလှူရှင်များက သုတရသစာအုပ် ၁၆၀ ကို ယနေ့မွန်းတည့် ၁၂ နာရီက လှူဒါန်းခဲ့ရာ ဥက္ကဋ္ဌ ဦးညွန့်ဆွေက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားသည်။

ယနေ့လှူဒါန်းသောစာအုပ်များမှာ တောင်ကြီး ကောလိပ် (၁၉၆၁-၁၉၇၅)ငွေရတုသဘင် အာစရိယပူဇော်ပွဲအထိမ်းအမှတ် မဂ္ဂဇင်းစာအုပ် ၆၀၊ တန်ဖိုး ငွေကျပ် ၁၂ သိန်း၊ စစ်ကိုင်းတိုင်းဒေသကြီး စာကြည့်တိုက်များဖောင်ဒေးရှင်းက ဇေယျာစာပေဘဏ်တိုက် မဂ္ဂဇင်းစာအုပ် ၁၀၀၊ တန်ဖိုး ငွေကျပ် ၃၅၀၀၀၀ တို့ဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်များ လှူဒါန်းလိုပါက အတွင်းရေးမှူး ဖုန်း ၀၉၅၁၄၂၅၆၄၊ ရုံးအဖွဲ့မှူး ဖုန်း ၀၉၄၂၀၇၀၀၃၂၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူ့စစ်မှုထမ်းဥပဒေ ထုတ်ပြန်ပြီးနောက်ပိုင်း ထွက်ပေါ်နေသည့် ကောလာဟလသတင်းများ၊ စိုးရိမ်ထိတ်လန့်မှုများအတွက် မိဘပြည်သူများနှင့် လူငယ်လူရွယ်များ သိရှိစေရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း၏ ပြောကြားချက်

အားလုံးမင်္ဂလာပါဗျာ။ ဒီနေ့ ပြည်သူ့စစ်မှုထမ်းဥပဒေထုတ်ပြန်ပြီးတဲ့ နောက်ပိုင်းမှာ ထွက်ပေါ်လာတဲ့ကောလာဟလတွေ၊ ဒီအပေါ်မှာဖြစ်ပေါ်နေတဲ့ လုပ်ကြံဖန်တီးမှုတွေ ပြီးရင် စိုးရိမ်ထိတ်လန့်မှုပေ့ါ။ ဒါတွေအတွက် ကျွန်တော်တို့အနေနဲ့ ပြောကြားဖို့ရှိတာလေးတွေကို မိဘပြည်သူတွေအားလုံး၊ လူငယ်လူရွယ်တွေအားလုံး သိရှိစေဖို့အတွက် ကျွန်တော်တို့ ပြောကြားသွားမှာ ဖြစ်ပါတယ်။




ပထမဦးဆုံးအနေနဲ့ကတော့ ဒီလုံခြုံရေးတပ်ဖွဲ့တွေက မြို့ရွာတွေမှာ ပေါ်တာဆွဲနေတယ်ဆိုတဲ့ဟာတွေကို ပြည်ဖျက်မီဒီယာတွေက အဆက်မပြတ် လုပ်ကြံဖန်တီးပြီးတော့ ထုတ်လွှင့်နေတာရှိပါတယ်။ ဒီသတင်းနဲ့ပတ်သက်ပြီးလည်း မဟုတ်မမှန်တဲ့အကြောင်းတွေကို အခါအားလျော်စွာ သတင်းထုတ်ပြန်ပေးလျက်ရှိပါတယ်။ မိဘပြည်သူတွေကို ကျွန်တော် တင်ပြလိုတာကတော့ ယခုဖြစ်ပေါ်နေတဲ့ နိုင်ငံရေးအခြေအနေတွေအရ ပြည်သူတွေရဲ့ နေ့စဉ်လူနေမှုဘဝ၊ လူမှုစီးပွားဘဝလုံခြုံအေးချမ်းစွာနေထိုင်သွားလာလှုပ်ရှားနိုင်စေဖို့ ဒီလုံခြုံရေးတပ်ဖွဲ့ဝင်တွေ၊ ရဲတပ်ဖွဲ့ဝင်တွေနဲ့ သက်ဆိုင်ရာအုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူတွေနဲ့ ဧည့်စာရင်းစစ်ဆေးတာတို့၊ လိုအပ်တဲ့စစ်ဆေးမှုတွေပြုလုပ်ခြင်းတို့ကို မြို့ရွာတွေမှာ ဆောင်ရွက်နေတာရှိတယ်။ ဒါတွေဆောင်ရွက်တာကလည်း ဒီအကြမ်းဖက်သမားတွေရဲ့ မြို့ရွာတွေမှာစိမ့်ဝင်တယ်၊ ဗုံးထောင်ဖောက်ခွဲတယ်၊ မိုင်းထောင်ဖောက်ခွဲတယ် ဒါတွေကြောင့် ကျွန်တော်တို့က ဆောင်ရွက်ရတာဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့နေရာမှာ ဧည့်စာရင်းမတိုင်ဘဲနဲ့ နေထိုင်နေတဲ့သူတွေ၊ အိမ်ထောင်စုစာရင်းမဝင်တဲ့သူတွေ၊ အိမ်ထောင်စုစာရင်း မပြနိုင်တဲ့သူတွေ စစ်ဆေးတွေ့ရှိရင်တော့ သက်ဆိုင်ရာရဲစခန်းနဲ့ သက်ဆိုင်ရာဌာနတွေက ခေါ်ယူစစ်ဆေးခြင်းများရှိတယ်။ အနည်းအကျဉ်းပါပဲ။ ဒီလိုစစ်ဆေးတွေ့ရှိရင် ဥပဒေနဲ့ အရေးယူခြင်းဆောင်ရွက်နေသလို အကျိုးအကြောင်းဆီလျော်တဲ့သူတွေကို ပြန်လည်လွှတ်ပေးနေတာရှိပါတယ်။ ဒီအပေါ်တွေမှာ ခုနကပြောတဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေ ပြဋ္ဌာန်းတဲ့အပေါ်မှာ၊ ပြီးရင် ရပ်ရွာအေးချမ်းသာယာရေးမလိုလားတဲ့သူတွေက အများပြည်သူတွေကို ထိတ်လန့်တုန်လှုပ်ချောက်ချားစေဖို့ရည်ရွယ်ပြီး ပေါ်တာဆွဲနေတယ်တို့၊ ပြီးရင် ဘယ်နေရာမှာခေါ်သွားပြန်ပြီတို့ ဒါတွေကို အချိန်ကိုက်သတင်းထုတ်လွှင့်နေတာဖြစ်ပါတယ်။ ဒါကြောင့် မိဘပြည်သူတွေအနေနဲ့ ဒီဟာတွေနဲ့ပတ်သက်ပြီးတော့ အသိသတိရှိစွာနဲ့ ပြည်ဖျက်မီဒီယာတွေရဲ့ လှုံ့ဆော်မှုတွေကို သတိထားကြဖို့ ပြောကြားလိုပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့ မီဒီယာတချို့နဲ့ လူမှုကွန်ရက်စာမျက်နှာအချို့တွေမှာလည်း ပြည်သူတွေ ပြည်ပထွက်ခွာမှုကို တားဆီးပိတ်ပင်နေတယ်ဆိုတဲ့ ကောလာဟလတွေ ထုတ်လွှင့်နေတာရှိပါတယ်၊ ပြည်ပထွက်ခွာခွင့်နဲ့ပတ်သက်ပြီး လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ညွှန်ကြားချက်၊ ကန့်သတ်ချက်တွေ ထုတ်ပြန်တာမရှိပါဘူး။ စိစစ်တားဆီးတာမရှိဘဲနဲ့ လေဆိပ်တွေ၊ အိမ်နီးချင်းနိုင်ငံတွေနဲ့ နယ်နိမိတ်ချင်းထိစပ်နေတဲ့ နယ်စပ်ဝင်၊ ထွက်ဂိတ်တွေမှာ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဝင်၊ထွက်ခွင့်ပြုခြင်းကို စနစ်တကျဝင်၊ ထွက်ခွင့် ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ပထွက်ခွာခွင့်နဲ့ပတ်သက်ပြီး သီးခြားထုတ်ပြန်ပြီးကန့်သတ်ထားတာမရှိဘူးဆိုတဲ့ အကြောင်းကို ရှင်းလင်းစွာအသိပေးလိုပါတယ်။ ဒါတွေကဘာနဲ့တူသလဲဆိုတော့ ကျွန်တော်တို့ လူငယ်လူရွယ်တွေအပေါ်မှာ ပစ်မှတ်ထားပြီးတော့ တောထဲကိုရောက်အောင် လူငယ်လူရွယ်တွေကို အကြမ်းဖက်လမ်းစဉ်ကိုရောက်အောင် ပြည်ဖျက်မီဒီယာတွေနဲ့ အကြမ်းဖက်အဖွဲ့တွေက လှုံ့ဆော်တိုက်တွန်းနေတာဖြစ်ပါတယ်။သားကောင်ဖမ်းသလိုပဲ။ မီဒီယာတွေက သံပုံးတီးပေးတယ်၊ ခြောက်လှန့်ပေးတယ်။ အကြမ်းဖက်အဖွဲ့အစည်းတွေက လာမယ့်လမ်းမှာ ပိုက်တားပြီးတော့ ဖမ်းတဲ့သဘောပါပဲ။ ကျွန်တော် လွန်ခဲ့တဲ့နှစ်ရက်လောက် ဆက်တိုက်ပြောပြီးဖြစ်ပါတယ်။ ဒီပြည်သူ့စစ်မှုထမ်းဥပဒေနဲ့အကျုံးဝင်တဲ့သူ ၂၀၁၉ ကြားဖြတ် သန်းခေါင်စာရင်းအရ လူဦးရေ ၁၃ သန်းရှိတယ်။ သိန်းပေါင်း ၁၃၀ ရှိပါတယ်။ အဲဒီအထဲမှာ ကျွန်တော်တို့အနေနဲ့ တစ်နှစ်ကို ခေါ်ယူလေ့ကျင့်ပေးနိုင်တဲ့ ပြည်သူ့စစ်မှုထမ်းဆောင်ရမယ့်၊ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ရမယ့်လူဦးရေငါးသောင်း၊ ခြောက်သောင်းထက် မပိုပါဘူး။ ပြောရမယ်ဆိုရင် လူဦးရေ သိန်း ၁၃၀ ဖြစ်တဲ့အတွက် ၁ ရာခိုင်နှုန်းဆိုရင် တစ်သိန်း သုံးသောင်းရှိမယ်။ သုညဒသမ ငါး ရာခိုင်နှုန်းလောက်တောင်မှပဲ ကျွန်တော်တို့ စနစ်တကျခေါ်ယူလေ့ကျင့်သင်ကြားပေးဖို့ ခက်ခဲပါတယ်။ ဒီ့ထက်အောက်ကိုပဲ ခေါ်ယူရမှာဖြစ်တယ်၊ ခေါ်ယူနိုင်မှာဖြစ်တယ်။ တစ်နှစ်မှာမှ လူဦးရေ၂၀၀ မှာ တစ်ယောက်ပဲ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ရမှာဖြစ်ပါတယ်။ အဲဒီတော့ မိဘပြည်သူတွေနဲ့ လူငယ်လူရွယ်တွေ နေထိုင်နေတဲ့ ရပ်ကွက်တွေ၊ ကျေးရွာတွေမှာ အကျုံးဝင်တဲ့လူဦးရေ ဘယ်လောက်ရှိလဲတွက်ကြည့်ပါ။ ဒီလူတွေက ဒီနှစ်မှာခေါ်ယူလေ့ကျင့်တယ်၊ နောက်တာဝန်ထမ်းဆောင်တယ်။ နောက်နှစ်နှစ်ကြာရင် သူက စစ်မှုထမ်းဆောင်ခြင်း၊ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ခြင်း ကျေပွန်တာဖြစ်ပါတယ်။ ဒါကြောင့် အလှည့်ကျ ဆောင်ရွက်နေတာဖြစ်တယ်။ လူ ၂၀၀ မှာ တစ်ယောက်တောင်မှ နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ ပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်ဖို့ နည်းပါတယ်။ ဒီဟာတွေကို မိဘပြည်သူတွေနဲ့ လူငယ်လူရွယ်တွေအားလုံး သိရှိထားဖို့လိုတယ်လို့ကျွန်တော်ပြောလိုပါတယ်။ ဒါ့အပြင် ပြည်သူ့စစ်မှုထမ်းဆောင်ခြင်း၊ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ခြင်းအတွက် လူငယ်တွေ ဘာအကျိုးကျေးဇူးရလဒ်တွေရမလဲဆိုရင် မိမိနိုင်ငံကို ကာကွယ်ဖို့၊ မိမိနိုင်ငံကို ကာကွယ်နိုင်တဲ့ အသိပညာတွေ၊ အတတ်ပညာတွေကို လူငယ်တိုင်းလူငယ်တိုင်း၊ နိုင်ငံသူ နိုင်ငံသားတိုင်း တတ်မြောက်သွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် တပ်မတော်ဆိုတာ၊ နိုင်ငံတော်ကာကွယ်ရေးအဖွဲ့အစည်းဆိုတာ အဖွဲ့အစည်းနဲ့လုပ်တတ်ကိုင်တတ်တဲ့စိတ်ဓာတ် Team work, Team Spirit ရရှိလာမှာဖြစ်ပါတယ်။ ဘဝတစ်လျှောက်လုံးအတွက် အရေးပါတာ ဖြစ်ပါတယ်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ရင်းနဲ့ မျိုးချစ်စိတ်ဓာတ်ရှိတဲ့သူတွေ၊ နိုင်ငံချစ်စိတ်ရှိတဲ့သူတွေအချင်းချင်း၊ မိတ်ဆွေတွေအချင်းချင်း ပူးပေါင်းဆောင်ရွက်တတ်တဲ့စိတ်တွေ ရရှိသွားမှာဖြစ်တယ်။ ပြီးရင် တစ်ဦးချင်းစည်းကမ်းလိုက်နာလိုတဲ့စိတ်တွေ၊ တစ်ဦးချင်းစည်းကမ်းတကျ ဘယ်လိုနေရမယ်ဆိုတာတွေ ရရှိသွားမှာဖြစ်ပါတယ်၊ လူငယ်တွေရဲ့စွမ်းရည်စွမ်းအားတွေကို တိုးတက်ရရှိမှာဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံတော်က ယခုချိန်ထိ ကျောင်းတွေမှာ ဆိုနေရပါတယ်။ အရင်တုန်းက ကျောင်းကောင်စီသီချင်း မိမိကိုယ်ကိုကောင်းအောင်ကြိုးစားမည်၊ မိမိကျောင်းကို ကောင်းအောင်ကြိုးစားမည်၊ မိမိတိုင်းပြည်အတွက် ကောင်းအောင်ကြိုးစားမည်၊ ဒီနိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ခြင်းက မိမိကိုယ်ကိုလည်း ကောင်းစေလာမှာဖြစ်ပါတယ်။ မိမိအဖွဲ့အစည်းကိုလည်း ကောင်းစေလာမှာဖြစ်ပါတယ်။ မိမိတိုင်းပြည်ကိုလည်း ကောင်းစေလာမှာဖြစ်တယ်ဆိုတာကို အလေးအနက် ယုံကြည်သဘောပေါက်ဖို့လိုအပ်ပါတယ်။ ဒီနိုင်ငံ၊ ဒီလူမျိုးကို ဒီနိုင်ငံသား၊ ဒီလူမျိုးက မကာကွယ်ရင် ဘယ်သူကာကွယ်မလဲ။ အခြားလူမျိုးတွေက ကာကွယ်သွားလိမ့်မယ်။ အခြားလူမျိုးတွေက ကာကွယ်သွားတဲ့အချိန်မှာ ဒီနိုင်ငံ၊ ဒီလူမျိုးဆိုတာကလည်း ပျောက်ကွယ်သွားပြီးဖြစ်ပါလိမ့်မယ်။ ဒါတွေကို မိဘပြည်သူတွေ၊ မျိုးချစ်စိတ်ရှိကြတဲ့၊ နိုင်ငံချစ်စိတ်ရှိကြတဲ့ လူငယ်လူရွယ်တွေက အလေးထားကြဖို့၊ အသိတရားထားကြဖို့ လိုအပ်ပါတယ်လို့ ပြောကြားလိုပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

❖ မြန်မာနေရှင်နယ်လိဂ်မှ

ရှင်းလင်းပြောကြားသည်။ ထို့နောက် အုပ်စုမဲခွဲရာ အုပ်စု (က) တွင် ရန်ကုန်ယူနိုက်တက်၊ တက္ကသိုလ်၊ မဟာယူနိုက်တက်၊ GFA၊ ရွှေပြည်သာယူနိုက်တက်၊ အုပ်စု (ခ) တွင် ရှမ်းယူနိုက်တက်၊ Glory Goal၊ ရခိုင်ယူနိုက်တက်၊ ကချင်ယူနိုက်တက်၊ Rainbow၊ အုပ်စု (ဂ) တွင် ဟံသာဝတီယူနိုက်တက်၊ Dagon Port၊ ဒဂုံစတားယူနိုက်တက်၊ ဧရာဝတီယူနိုက်တက်၊ ငွေကြယ်ပွင့်၊ အုပ်စု (ဃ) တွင် အား/ကာသိပ္ပံ၊ သစ္စာအားမာန်၊ မြဝတီ၊ ရတနာပုံနှင့် ရက္ခပူရယူနိုက်တက်အသင်းတို့ ပါဝင်သည်။

ပြိုင်ပွဲတွင် MNL ကလပ် ၁၂ သင်း၊ MNL–2 ကလပ် ရှစ်သင်း၊ စုစုပေါင်း ၂၀ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး မတ် ၁ ရက်မှ ဇွန် ၁၉ ရက်အထိ ကျင်းပမည်ဖြစ်သည်။ အုပ်စုပွဲများကို မတ် ၁ ရက်မှ မေ ၂၁ ရက်အထိ သုဝဏ္ဏကွင်း၊ YUSC ကွင်း၊ တက္ကသိုလ်ကွင်းနှင့် ပဒုမ္မာကွင်းတို့၌ နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး အုပ်စုတစ်ခုစီမှ ထိပ်ဆုံးတစ်သင်းစီမှာ ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ရမည်ဖြစ်သည်။ ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် အုပ်စု (က) ပထမနှင့် အုပ်စု (ဃ) ပထမ၊ အုပ်စု (ခ) ပထမနှင့် အုပ်စု (ဂ) ပထမတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ဆီမီးဖိုင်နယ်ပွဲစဉ်များကို မေ ၂၅၊ ၂၆ ရက်၊ ဗိုလ်လုပွဲကို ဇွန် ၁၉ ရက်တွင် ကျင်းပမည်ဖြစ်သည်။

**သတင်း–ကိုညီလေး၊ ဓာတ်ပုံ–သော်ကြီး**

## ညောင်ရွှေမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ညောင်ရွှေ ဖေဖော်ဝါရီ ၁၅

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျော့မောင်ငယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ယမန်နေ့ နံနက်ပိုင်းတွင် ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် ကလောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်းနှင့် ဝန်ထမ်းများသည် ကျော့မောင်ငယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှုရှိ/မရှိ စစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။



ကျော့မောင်ငယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်မှ စတင်ကာ မတည်ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါ စတုတ္ထအကြိမ်မြောက် အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၇၂ သိန်းအား အသင်းသား အသင်းသူ ၈၂ ဦးကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ၂၂၂

## ရွှေဘိုမြို့နယ် ချီပါကျေးရွာမှ ပြည်သူ ၆၀ ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးထားကြောင်းနှင့် ဂန့်ဂေါဒေသခံ ၁၀ ဦးကို သတ်ဖြတ်သွားကြောင်း သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်အတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖေဖော်ဝါရီ ၁၄ ရက်တွင် ချီပါကျေးရွာကို လက်နက်ကြီးများဖြင့် ပစ်ခတ်ဝင်ရောက်စီးနင်းပြီး ချီပါတောင်ရွာနှင့် ချီပါမြောက်ရွာတို့မှ ပြည်သူ ၆၀ ကျော်ကို ဖမ်းဆီးထားကြောင်း ကောလာဟလ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit က အထင်အမြင်လွဲမှားဖွယ် လုပ်ကြံဝါဒ ဖြန့်ဝေနေသည်ကို တွေ့ရသည်။

**ဖမ်းဆီးခြင်းမရှိ**

အဆိုပါသတင်းနှင့်ပတ်သက်၍ ဒေသခံပြည်သူတစ်ဦး၏ ပြောကြားချက်အရ ဖေဖော်ဝါရီ ၁၄ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ချီပါကျေးရွာအနီး၌ နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိပြီး ဒေသခံများကို ဖမ်းဆီးခြင်းမရှိကြောင်း သိရသည်။

အလားတူ မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်အတွင်း နယ်မြေတည်ငြိမ်ရေးနှင့် လုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးပူးပေါင်းအဖွဲ့များကို PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်မှုကြောင့် ဖေဖော်ဝါရီ ၁၄ ရက်တွင် သင်တောကျေးရွာအနီး၌ တိုက်ပွဲဖြစ်ပွားခဲ့ပြီး လုံခြုံရေးပူးပေါင်းအဖွဲ့များ၏ ပြန်လည်တိုက်ခိုက်မှုကြောင့် အကြမ်းဖက်သမားများ ထိခိုက်သေဆုံးမှုများရှိခဲ့ကြောင်း မြေပြင်သတင်းပေးပို့ချက်များအရ သိရသည်။







တရားမဝင် ပြည်ဖျက်မီဒီယာများအနေဖြင့် နိုင်ငံအတွင်း အလုံးစုံပျက်သုဉ်းရေးကို ဦးတည်လုပ်ဆောင်နေပြီး PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များကို ပြည်သူများအား သတင်းအမှောင်ချပြီး တစ်ဖက်သတ်စွပ်စွဲရေးသားချက်များကိုသာ အမြဲထုတ်လွှင့်နေလျက်ရှိသည်။ ယခုဖြစ်စဉ်သည်လည်း PDF အမည်ခံ အကြမ်းဖက်အဖွဲ့များကို ပြည်သူများက ကြောက်ရွံ့ထိတ်လန့်လာပြီး လက်ခံနိုင်ခြင်းမရှိသည်ကို တန်ပြန်ဝါဒဖြန့်ဆောင်ရွက်ခြင်းနှင့် မြေပြင်တွင်လည်း PDF အမည်ခံ အကြမ်းဖက်သမားများက တိုက်ပွဲများတွင် ထိခိုက်သေဆုံးမှုများပြားနေခြင်းကြောင့် တိုက်ခိုက်လိုစိတ်များ မရှိတော့သည့်အတွက် ထိုသို့ဝါဒဖြန့်မှုများ လုပ်ဆောင်ခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့ရွာများတွင် ပေါ်တာဆွဲနေကြောင်း ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်သတင်းအတု၊ သတင်းအမှားများအား လူမှုကွန်ရက်ပေါ်တွင် ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၅

လုံခြုံရေးတပ်ဖွဲ့ဝင်များက မြို့ရွာများ၌ ပေါ်တာဆွဲနေကြောင်း၊ ဖမ်းဆီးနေကြောင်းနှင့် ငွေကြေး







တတ်နိုင်သူများက ပိုက်ဆံပေးလျှင် ပြန်လွှတ်ပေးနေကြောင်း မဟုတ်မမှန် လုပ်ကြံသတင်းများ ထွက်ပေါ်နေကြောင်း သိရသည်။ ၎င်းသတင်းများသည် မဟုတ်မမှန်ကြောင်းကို နိုင်ငံပိုင်မီဒီယာများကလည်း အခါအားလျော်စွာ သတင်းထုတ်ပြန်မှုများ ဆောင်ရွက်လျက်ရှိသည်။

**ဧည့်စာရင်းစစ်ဆေး**

ပြည်သူများ၏ နေ့စဉ်လူမှုဘဝတွင် လုံခြုံအေးချမ်းစွာ နေထိုင်သွားလာလှုပ်ရှားနိုင်စေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများက ဧည့်စာရင်းစစ်ဆေးခြင်းများကို မြို့၊ ရွာများ၌ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဧည့်စာရင်းမတိုင်ဘဲ နေထိုင်သူများ၊ အိမ်ထောင်စုစာရင်းဝင် မဟုတ်သူများ၊ အိမ်ထောင်စုစာရင်းမပြနိုင်သူများကို စစ်ဆေးတွေ့ရှိပါက ရဲစခန်းနှင့် သက်ဆိုင်ရာဌာနများသို့ ခေါ်ယူစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ခေါ်ယူစစ်ဆေးရာတွင် ဧည့်စာရင်းမတိုင်ထားသူ၊ အိမ်ထောင်စုစာရင်းဝင်မဟုတ်သူ၊ အိမ်ထောင်စုစာရင်းမပြနိုင်သည့်သူများ၊ စည်းကမ်းနှင့်မကိုက်ညီသူများကို စစ်ဆေးတွေ့ရှိလျှင် ဥပဒေနှင့်အညီ အရေးယူခြင်းများ ဆောင်ရွက်နေပြီး အထောက်အထားပြည့်စုံစွာ တင်ပြနိုင်သူများကိုလည်း ပြန်လည်စေလွှတ်ပေးလျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်နေမှုများအပေါ် အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများနှင့် ရပ်ရွာအေးချမ်းသာယာရေးကို မလိုလားသည့်သူများက အများပြည်သူ ထိတ်လန့်တုန်လှုပ်ချောက်ချားစေရန် ရည်ရွယ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက ညဘက်များတွင် ပေါ်တာဆွဲနေကြောင်း၊ ပိုက်ဆံပေးလျှင် ပိုက်ဆံယူပြီး ပြန်လွှတ်ပေးနေကြောင်းဖြင့် သတင်းတု၊ သတင်းအမှားများ ထုတ်လွှင့်နေခြင်းအပေါ် အများပြည်သူများ သတင်းမှန်သိရှိစေရေး၊ ထိတ်လန့်ကြောက်ရွံ့မှုများ မဖြစ်စေရေးနှင့် လုပ်ကြံရေးသားနေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဖေဖော်ဝါရီ ၁၅

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

**အမှုဖွင့်လှစ်အရေးယူ**

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "MYAT KYAW" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်နေ မြတ်ကျော်အား မွန်းလွဲ ၃ နာရီ ၁၅ မိနစ်တွင် တပ်ကုန်းမြို့မ ရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ပန်းတနော်မြို့နယ် မီးသတ်ဦးစီးမှူး ဦးမောင်မောင်ဦး ဦးဆောင်၍ သန္နေမီးသတ် တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်/ ကျေးအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက ဖေဖော်ဝါရီ ၁၅ ရက်တွင် အလယ်ပိုင်းရပ်ကွက် ဒေါနခြံအတွင်း မီးဘေးအန္တရာယ်ကြောင့် ပြည်သူများ ထိခိုက်နစ်နာဆုံးရှုံးမှုမရှိစေရေး၊ မီးဖိုများအား မြေတွင်ချပြီး ချက်ပြုတ်စေရေး စသည့်မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် လိုက်လံအသိပညာပေး ဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ ဆက်)



**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ။**

# ရန်ကုန်တိုင်းဒေသကြီး မြို့နယ် ခြောက်မြို့နယ်တို့၌ ပြည်သူ့စစ်မှုထမ်းဥပဒေအား ကြိုဆိုထောက်ခံပွဲ ပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၂၇/၂၀၁၀ ဖြင့် ပြဋ္ဌာန်းခဲ့သော ပြည်သူ့စစ်မှုထမ်းဥပဒေအား ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်မှစတင်၍ အာဏာတည်ကြောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

**ပြုလုပ်**

အဆိုပါ ပြည်သူ့စစ်မှုထမ်းဥပဒေအား ကြိုဆိုထောက်ခံပွဲများကို ယနေ့မွန်းလွဲပိုင်းတွင် မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်စည်ပင်သာယာရေးရုံးဘေး (မြနန္ဒာပန်းခြံ)၌လည်းကောင်း၊ မြောက်ဥက္ကလာပမြို့နယ် ဥက္ကလာသီရိပန်းခြံဝင်း၌လည်းကောင်း၊ လှိုင်သာယာမြို့နယ်(အရှေ့ပိုင်း) အောင်မြေသာယာအားကစားဝင်း၌လည်းကောင်း၊ တွံတေး-ဒလ-လှိုင်သာယာ ဘုရားငုတ်တိုလမ်းဆုံ၊ သန်လျင်မြို့နယ် ငြိမ်းချမ်းကွင်း၌လည်းကောင်း၊ ကျောက်တံတားမြို့နယ် ဆူးလေယာဉ်ရပ်နားကွင်း၌လည်းကောင်း ပြုလုပ်ကြသည်။

ဦးစွာ သက်ဆိုင်ရာမြို့နယ်များမှ ဒေသခံမျိုးချစ်ပြည်သူများက သတ်မှတ်နေရာအသီးသီးတွင် "ပြည်သူ့စစ်မှုထမ်းဥပဒေအား အပြည့်အဝ ထောက်ခံကြိုဆိုပါသည်။ နိုင်ငံတော်အား ပြည်တွင်း/ပြည်ပ အန္တရာယ်များမှ ကာကွယ်ရေး တစ်မျိုးသားလုံး စစ်မှုထမ်းဆောင်စို့။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရန်အတွက် တစ်မျိုးသားလုံး စစ်ပညာသင်ကြားရန်နှင့် စစ်မှုထမ်းဆောင်ရန် တာဝန်ရှိသည်။ ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိနေဖို့ စစ်ပညာသင်ကြစို့" အစရှိသည့်ပိုစတာများ ကိုင်ဆောင်ပြီး ကွင်းအတွင်းနေရာယူခဲ့ကြသည်။

ယင်းနောက် မျိုးချစ်ပြည်သူများက နိုင်ငံတော်အလံအား အလေးပြုခြင်း၊ နိုင်ငံတော်သီချင်းအား သံပြိုင်သီဆိုခြင်း၊ ဇာတိမာန်သီချင်းအား သံပြိုင်သီဆိုခြင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်များကို အမျိုးသားရေးအင်အားစုမှ တာဝန်ရှိသူများက ဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပြီး ပြည်သူ့စစ်မှုထမ်းဥပဒေအား ကြိုဆိုထောက်ခံပါသည်ဟု တစ်ခဲနက် ဆန္ဒထုတ်ဖော်ကာ ငြိမ်းချမ်းစွာ လူစုခွဲခဲ့ကြကြောင်း သိရသည်။



**သတင်းစဉ်**

# ကန်ကြီးထောင့်မြို့ မြင်းကဆိပ်တွင် စစ်သင်္ဘောဆိုက်ကပ်ပြီး ဒေသခံလူငယ် ၄၀ ကျော်ကို စစ်မှုထမ်းရန် စီစဉ်နေကြောင်းနှင့် ပုသိမ်မြို့၊ ပုသိမ်ကြီးမြို့တို့တွင် စစ်မှုထမ်းဆောင်ရန်နှင့်ပတ်သက်၍ သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ










**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့ မြင်းကဆိပ်တွင် စစ်သင်္ဘောဆိုက်ကပ်ပြီး ဒေသခံလူငယ် ၄၀ ကျော်ကို စစ်မှုထမ်းရန်စီစဉ်နေကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၁၁ နာရီခန့်က ကန်ကြီးထောင့်မြို့ မြင်းကဆိပ်ကျေးရွာသို့ စစ်သင်္ဘောဆိုက်ကပ်ခဲ့ခြင်း လုံးဝမရှိကြောင်းနှင့် မြင်းကဆိပ်ကျေးရွာသည် ဆန်စက်ကြီး ခုနစ်လုံး တည်ရှိပြီး ဆန်၊ စပါးများကို ပုသိမ်၊ ရန်ကုန်နှင့် အခြားမြို့နယ်များသို့ သယ်ဆောင်ပေးပို့ခြင်းများအတွက် စက်လှေ၊ သင်္ဘောများ နေ့စဉ် ဆိုက်ကပ်လျက်ရှိကာ စည်ကားသည့် ဆိပ်ကမ်းတစ်ခုတည်ရှိသည့် ရွာကြီးတစ်ရွာဖြစ်ကြောင်းနှင့် ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်စည်ရောင်းဝယ်ဖောက်ကားမှု များပြားပြီး အနီးဝန်းကျင်ကျေးရွာများမှ ဈေးရောင်း၊ ဈေးဝယ်များဖြင့် စည်ကားသည့် ကျေးရွာကြီးဖြစ်ကြောင်း ဒေသခံတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

အလားတူ ပုသိမ်တက္ကသိုလ် ဆရာနှင့်ကျောင်းသားများ စစ်မှုထမ်းရမည်ဟု ပြောကြားမှုရှိခဲ့ကြောင်းနှင့် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် အုန်းချောကျေးရွာအုပ်စု ဆယ်တော်ကျေးရွာ၊ တမုတ်စိုးကျေးရွာတို့မှ လူငယ် ၃၅ ဦးအား စစ်မှုထမ်းရန် ဖမ်းဆီးခဲ့ကြောင်း ကောလာဟလသတင်းတု၊ သတင်းမှားများကို ပြည်သူများ ကြောက်ရွံ့ထိတ်လန့်စေရန်အတွက် ပြည်ဖျက်မီဒီယာအချို့မှ သွေးထိုးလှုံ့ဆော်နေကြောင်း တွေ့ရှိရပြီး လုပ်ကြံဖန်တီးလိုရာရေးသား၍ ဝါဒဖြန့်နေခြင်းသာဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ပြည်ဖျက်မီဒီယာအချို့၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် မိဘပြည်သူများ စိုးရိမ်ပူပန်မှု၊ ကြောက်ရွံ့ထိတ်လန့်မှုများမဖြစ်ပေါ်စေရန်အတွက် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ သိသင့်သိထိုက်သည်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ကလည်း နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် ရှင်းလင်းပြောကြားလျက်ရှိပြီး ပြည်သူများ ထင်ယောင်ထင်မှားမဖြစ်စေရန်အတွက် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိရှိလိုသည့်အချက်များကို အသေးစိတ်စုံစမ်းမေးမြန်းနိုင်ရန် ဖုန်းနံပါတ်များကိုလည်း ထုတ်ပြန်ကြေညာပေးပြီးဖြစ်ကာ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်းနှင့် ပြည်သူများကို ဥပဒေမဲ့ဖမ်းဆီးသည့် လုပ်ရပ်များ၊ လုပ်ထုံးလုပ်နည်းဥပဒေများနှင့် ညီညွတ်မှုမရှိသော လုပ်ဆောင်ခြင်းများကို ဆောင်ရွက်ခြင်းမရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံရေးအကျဉ်းသူ ဆေးကုသမှု လုံလောက်စွာမရ၍ သေဆုံးသွားကြောင်း မဟုတ်မမှန် လုပ်ကြံရေးသား

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

မန္တလေးမြို့ အိုးဘိုထောင်မှ နိုင်ငံရေးအကျဉ်းသူ မယဉ်မိုးသည် အကျဉ်းထောင်အတွင်း ဆေးကုသမှု လုံလောက်စွာမရရှိခဲ့ဘဲ ကျောက်ကပ်ရောဂါဖြင့် မန္တလေးဆေးရုံကြီး၌ သေဆုံးသွားကြောင်း၊ ထောင်တွင်းဆေးရုံ၌ မည်သည့်ရောဂါမှန်းမသိဘဲ ကုသမှုခံယူနေရင်း နေမကောင်းလိုက်၊ ပြင်ပဆေးရုံပို့လိုက်၊ လုံခြုံရေးမပေးနိုင်ဘူးဆို၍ အကျဉ်းထောင်သို့ ပြန်ပို့လိုက်နှင့် ဖေဖော်ဝါရီ ၄ ရက်တွင် သေဆုံးသွားကြောင်း၊ အကျဉ်းထောင်တွင် ဆေးဝါးကုသမှု လုံလောက်စွာ မရရှိကြောင်း Mizzima-News in Burmese Facebook Page မှ ဖေဖော်ဝါရီ ၇ ရက်က မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေခဲ့သည်ကို တွေ့ရသည်။

**လွှဲပြောင်းကုသပေး**

အဆိုပါကိစ္စနှင့်ပတ်သက်၍ ဖြစ်စဉ်အမှန်မှာ အကျဉ်းသူ မယဉ်မိုးသူအား မြင်းခြံထောင်တွင် နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ သွေးအားနည်းရောဂါနှင့် အမောဖောက်ရောဂါတို့ကြောင့် ထောင်ဆေးရုံ၌ ၂၀၂၃ ခုနှစ် ဇူလိုင် ၁ ရက်မှ ၁၀ ရက်အထိ ကုသပေးခဲ့ကြောင်း၊ ထိုမှတစ်ဆင့် မြင်းခြံခရိုင်ပြည်သူ့ဆေးရုံသို့ ဇူလိုင် ၁၀ ရက်တွင် လွှဲပြောင်းကုသပေးခဲ့ကြောင်း၊ မြင်းခြံပြည်သူ့ဆေးရုံမှ သမားတော်ကြီးများက မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးကို ပြောင်းရွှေ့ကုသရန် မှတ်ချက်ပြုခဲ့ပြီး ဆေးရုံမှ ဇူလိုင် ၂၁ ရက်တွင် ဆေးရုံဆင်းခွင့်ပြုခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဆေးဝါးကုသနိုင်ရန် မြင်းခြံထောင်မှ မန္တလေးထောင်သို့ ဩဂုတ် ၈ ရက်တွင် ပြောင်းရွှေ့ပေးခဲ့ကြောင်း၊ မန္တလေးဆေးရုံကြီး၌ ငါးကြိမ်အထိ တက်ရောက်ကုသပြီး သမားတော်ကြီးများ၏ ညွှန်ကြားချက်အတိုင်း ကုသဆောင်ရွက်ပေးခဲ့ကြောင်း၊ ဆေးရုံတင်ပို့ကုသနေစဉ် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် ကျောက်ကပ်ပျက်စီးခြင်း၊ ဆီးမသွားနိုင်ခြင်းရောဂါဖြင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း မန္တလေးမြို့ အိုးဘိုထောင်မှ တာဝန်ရှိသူက ပြောကြားခဲ့သည်။

မန္တလေးမြို့ အိုးဘိုထောင်မှ အကျဉ်းသူ မယဉ်မိုးသည် အများသူငါ သွားလာသည့် လမ်းပေါ်၌ တာယာကွင်းများအား ဓာတ်ဆီလောင်း၍ မီးရှို့ခြင်း၊ ဆူပူအော်ဟစ်ခြင်း၊ အားပေးကူညီခြင်း ပြစ်မှုများဖြင့် ထောင်ဒဏ်ကျခံနေရသူတစ်ဦးဖြစ်ပြီး အကျဉ်းထောင်ဥပဒေအရ ကျန်းမာရေးစောင့်ရှောက်မှုခံယူရန် လိုအပ်နေသည့် အကျဉ်းသားကို သက်ဆိုင်ရာ အကျဉ်းထောင်ဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုပေးကာ လိုအပ်ပါက ပြင်ပပြည်သူ့ဆေးရုံကြီးများသို့ လွှဲပြောင်းကုသပေးလျက်ရှိသည့်အတွက် Mizzima-News in Burmese Facebook Page တွင် ဖော်ပြမှုသည် ပြည်သူလူထု ထင်ယောင်ထင်မှားဖြစ်စေရန် အဖျက်အမှောင့် ရည်ရွယ်ချက်ဖြင့် မဟုတ်မမှန် လုပ်ကြံရေးသားထားခြင်းသာဖြစ်ကြောင်း သိရသည်။

**မိဟန်နီ**



သထုံမြို့နယ် မီးသတ်ဦးစီးမှူး ဦးဇော်မင်း ဦးဆောင်သည့် သန္နေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ ဖေဖော်ဝါရီ ၁၅ ရက်တွင် မြို့နယ်အတွင်းရှိမီးဘေးစိုးရိမ်ရသည့်နေရာများ၌ မီးသတိပေးဆော်ဩခြင်း၊ စာဖြေဌာနများ၌ မီးလောင်မှု၊ မီးလန့်မှုဖြစ်ပွားခြင်းမရှိစေရေး ကူညီစောင့်ရှောက်ခြင်းတို့ကို ဆောင်ရွက်စဉ်။

ခရိုင်(ပြန်/ဆက်)

**ပြည့်ဝဆီများကို**

**တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ**

**စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# အင်ဒိုနီးရှားသမ္မတရွေးကောက်ပွဲတွင် ကာကွယ်ရေးဝန်ကြီး ပရာဘိုဝို ဆူဘီရန်တို မဲအသာစီးဖြင့် ဦးဆောင်လျက်ရှိ

ဂျကာတာ ဖေဖော်ဝါရီ ၁၅

အင်ဒိုနီးရှားသမ္မတရွေးကောက်ပွဲ၏ ကနဦးထွက်ပေါ်လာသည့် ရွေးကောက်ပွဲရလဒ်များအရ ကာကွယ်ရေးဝန်ကြီး ပရာဘိုဝို ဆူဘီရန်တို မဲအသာစီးဖြင့် ဦးဆောင်လျက်ရှိကြောင်း သိရသည်။

ဖေဖော်ဝါရီ ၁၄ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီတွင် ဆန္ဒမဲပေးခြင်းကို အဆုံးသတ်ပြီးနောက် မဲရေတွက်မှုကို စတင်ခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ၌ သမ္မတရွေးကောက်ပွဲကို ငါးနှစ်တစ်ကြိမ်ကျင်းပသည်။ ယခုနှစ်ရွေးကောက်ပွဲတွင် ကိုယ်စားလှယ်လောင်း သုံးဦး ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။ ၎င်းတို့မှာ ကာကွယ်ရေးဝန်ကြီး ပရာဘိုဝိုဆူဘီရန်တို၊ မြို့တော်ဂျကာတာ ပြည်နယ် အုပ်ချုပ်ရေးမှူးဟောင်း အန်နီဘက်စ်ဝီဒန်နှင့် ဂျာဗားပြည်နယ်အလယ်ပိုင်း အုပ်ချုပ်ရေးမှူးဟောင်း ဂျန်ဂျာပရာနိုဝိုတို့ဖြစ်သည်။

လက်ရှိတွင် ဆန္ဒမဲ ၉၀ ရာခိုင်နှုန်းကို ရေတွက်ပြီးနောက် ပရာဘိုဝိုဆူဘီရန်တိုသည် ထောက်ခံမဲ ၅၈ ရာခိုင်နှုန်းကို ရရှိထားပြီး ၎င်း၏ပြိုင်ဘက် နှစ်ဦးဖြစ်သည့် အန်နီဘက်စ်ဝီဒန်နှင့် ဂျန်ဂျာ ပရာနိုဝိုတို့က ထောက်ခံမဲ ၂၅ ရာခိုင်နှုန်းနှင့် ၁၆ ဒသမ ၅ ရာခိုင်နှုန်း အသီးသီး ရရှိထားကြောင်း သိရသည်။

အင်ဒိုနီးရှားအမျိုးသား ရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲ၏ တရားဝင်ရလဒ်များကို မတ်လလယ်တွင် ထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း သိရသည်။

ပရာဘိုဝိုက သမ္မတ ဂျိုကိုဝီဒိုဒို၏ မူဝါဒများကို ဆက်လက်အကောင်အထည်ဖော်ရန် ကတိပြုထားသည်။ ဂျန်ဂျာပရာနိုဝိုက သမ္မတဂျိုကိုဝီဒိုဒို၏ အဓိက မူဝါဒဖြစ်သည့် နိုင်ငံ၏မြို့တော်ကို နေရာရွှေ့ပြောင်းရန် စီစဉ်ထားကြောင်းလည်း ပြောကြားသည်။ အလားတူ အန်နီဘက်စ်ဝီဒန်က မြို့တော်ဂျကာတာ နေရာပြောင်းရွှေ့ရေး အစီအစဉ်ကို တစ်စိတ်တစ်ပိုင်း ပြန်လည်သုံးသပ်ပြီး နိုင်ငံ၏ စီးပွားရေးကွာဟမှုကို ပြန်လည် ထိန်းကျောင်းပြုပြင်သွားမည်ဖြစ်ကြောင်း ကတိပြုခဲ့သည်။




**ကိုးကား – ဆင်ဟွာ၊ အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**



# ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ လေထုညစ်ညမ်းမှု မြင့်တက်

ဗန်ကောက် ဖေဖော်ဝါရီ ၁၅

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၏ ဒေသအားလုံးတွင် လေထုညစ်ညမ်းမှုအဆင့်သည် မြင့်တက်လာကာ စိတ်မချရသည့် အခြေအနေတွင်ရှိကြောင်း ထိုင်းနိုင်ငံ လေထုညစ်ညမ်းမှုထိန်းချုပ်ရေးဌာနက တာဝန်ရှိသူများထံ အစီရင်ခံတင်ပြခဲ့ပြီး လေထုညစ်ညမ်းမှု ထိန်းချုပ်ရေးအတွက် ဖုန်မှုန့်နှင့် အမှုန်အမွှားများကို ဖယ်ရှားရေး တောင်းဆိုခဲ့ကြောင်း ယနေ့ ဆင်ဟွာ သတင်းတစ်ရပ်အရ သိရသည်။

ထိုင်းနိုင်ငံ၏မြို့တော်ဗန်ကောက်နှင့် ပတ်ဝန်းကျင်ဒေသများတွင် လေထုညစ်ညမ်းမှုအဆင့်သည့် PM 2.5 အထိရောက်ရှိလာခြင်းကြောင့် လာမည့်နှစ်ရက်အတွင်း လေထုညစ်ညမ်းမှုများပိုများလာနိုင်သဖြင့် ၎င်းတို့၏ဝန်ထမ်းများကို အိမ်မှနေ၍ အလုပ်လုပ်ကိုင်ခွင့်ပြုရန် ပုဂ္ဂလိကကဏ္ဍနှင့် အစိုးရဌာနများကို တာဝန်ရှိသူများက တိုက်တွန်းထားသည်။

ဗန်ကောက်မြို့တော်ဒေသတွင် ကျန်းမာရေးနှင့် မညီညွတ်သော လေထုညစ်ညမ်းမှုဖြစ်နေကြောင်း သိရသည်။

ဗန်ကောက်မြို့တော် အုပ်ချုပ်ရေးအဖွဲ့သည် ၎င်းတို့နှင့် ဆက်စပ်နေသည့် ဌာနများမှ ဝန်ထမ်းများအား ကြာသပတေးနေ့နှင့် သောကြာနေ့တို့တွင် နေအိမ်မှ အလုပ်လုပ်ခွင့်ပြုရန် သက်ဆိုင်ရာ ဌာနများကို ညွှန်ကြားခဲ့ကြောင်း ဗန်ကောက်မြို့တော် အုပ်ချုပ်ရေးမှူး Chadchart Sittipuntက ပြောကြားသည်။ **ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–စိုးသူရ**

* ကျောဖုံးမှ

တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးကျော်ကိုကိုချစ်၊ ဗဟိုအလုပ် အမှုဆောင် ဦးတင်မောင်မောင်ဝင်း၊ Junior Golf Myanmar (JGM) ဒုတိယဥက္ကဋ္ဌ ဦးရန်အောင်မိုးနှင့် မြန်မာဂေါက်သီးရိုက်အသင်း ဒုတိယဥက္ကဋ္ဌ ဦးအေးကိုကိုစိုးက အလှည့်ကျ ဂေါက်သီးရိုက်၍ ဖွင့်လှစ်ပေးပြီး ပထမနေ့ ၁၈ ကျင်း စတင် ယှဉ်ပြိုင်ကြသည်။ ယခုပြိုင်ပွဲကို မျိုးဆက်သစ်ဂေါက်သီးအားကစားသမားများ၏ လက်ရည်အဆင့် အတန်းတိုးတက်လာစေရန်နှင့် နိုင်ငံတကာအဆင့်မီ ယှဉ်ပြိုင် နိုင်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၅ ရက်မှ ၁၆ ရက်အထိ နှစ်ရက်ကြာ ပြုလုပ်သွားမည်ဖြစ်ပြီး ယခုပြိုင်ပွဲအပြီးတွင် ဝါသနာရှင်အဆင့် (အမျိုးသား၊အမျိုးသမီး) နှင့် ဝါသနာရှင်အဆင့် သက်ကြီးတန်း ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၂ရက်အထိ ရန်ကုန်ဂေါက်ကွင်း(တညင်းကုန်း)၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။

**သတင်း–ကိုညီလေး၊ ဓာတ်ပုံ–MGF**



မရမ်းကုန်းမြို့နယ် မီးသတ်ဦးစီးမှူး ဦးစိုးနိုင်နှင့်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်စည်ပင်သာယာ ရေသန့်တာဝန်ခံ ဦးထွန်းထွန်းနှင့် ဝန်ထမ်းများ ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၅ ရက်က မီးလောင်မှုဖြစ်ပွားပါက အချိန်နှင့်တစ်ပြေးညီ ရေရယူဆောင်ရွက်နိုင်ရန် မြို့တော်စည်ပင်မှ မြို့နယ်အတွင်း တပ်ဆင်ထားရှိသော (Hydrant) မြေအောက် ရေပိုက်ခေါင်းများ ကောင်းမွန်အသင့်ရှိရေး လိုက်လံစစ်ဆေးစဉ်။ မြို့နယ်(ပြန် /ဆက်)




ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်၌ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်ဦးနှင့် တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် မီးငြိမ်းသတ်ခြင်းလက်တွေ့သရုပ်ပြ ဓာတ်တိုက်လေ့ကျင့်ဆောင်ရွက်ခြင်းကို ဖေဖော်ဝါရီ ၁၄ ရက်တွင် ရန်ကုန်– ပုသိမ်ကားလမ်းမကြီးဘေး Max Energy စက်သုံးဆီအရောင်းဆိုင်ရှေ့တွင် ပြုလုပ်စဉ်။ ပြည့်ဖြိုးကျော်(ပြန်/ ဆက်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၆-၂-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၇၀ | ၂၈၁၅ | ၂၈၁၀ | ၂၇၇၅ | ၂၈၁၅ | ၂၈၄၀ | ၂၈၂၅ | ၂၈၀၀ | ၂၉၀၀ | ၂၉၁၅ | ၂၈၀၅ | ၂၈၁၅ | ၂၈၅၅ | ၂၈၅၅ | ၂၈၅၅ | ၃၀၈၅ | ၃၁၅၀ |
| 95 Ron | ၂၈၇၅ | ၂၉၂၅ | ၂၉၂၅ | ၂၈၈၅ | ၂၉၂၅ | ၂၉၄၅ | ၂၉၃၀ | ၂၉၁၀ | ၃၀၁၀ | ၃၀၂၅ | ၂၉၁၅ | ၂၉၃၅ | ၂၉၆၀ | ၂၉၆၀ | ၂၉၆၅ | ၃၁၉၅ | ၃၂၅၀ |
| HSD (500 ppm) | ၂၅၉၅ | ၂၆၄၅ | ၂၆၄၀ | ၂၆၀၅ | ၂၆၄၀ | ၂၆၆၅ | ၂၆၆၀ | ၂၆၃၀ | ၂၇၅၀ | ၂၇၄၅ | ၂၆၁၅ | ၂၆၄၅ | ၂၆၈၀ | ၂၆၈၀ | ၂၆၈၅ | ၂၉၁၅ | ၃၅၄၀ |
| HSD (50 ppm) | ၂၆၄၀ | ၂၆၉၀ | ၂၆၉၀ | ၂၆၅၀ | ၂၆၉၀ | ၂၇၁၅ | ၂၇၁၀ | ၂၆၇၅ | ၂၇၉၅ | ၂၇၉၀ | ၂၆၈၀ | ၂၆၉၅ | ၂၇၂၅ | ၂၇၃၀ | ၂၇၃၀ | ၂၉၆၀ | ၃၅၉၅ |
| HSD (10 ppm) | ၂၆၅၅ | ၂၇၀၅ | ၂၇၀၀ | ၂၆၆၅ | ၂၇၀၀ | ၂၇၂၅ | ၂၇၂၀ | ၂၆၉၀ | ၂၈၁၀ | ၂၈၀၀ | ၂၆၉၅ | ၂၇၀၅ | ၂၇၄၀ | ၂၇၄၀ | ၂၇၄၅ | ၂၉၇၀ | ၃၅၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၄၁ | ၂၇၂၈ |
| 95 Ron | ၂၇၄၆ | ၂၈၃၅ |
| HSD (500 ppm) | ၂၄၇၄ | ၂၅၅၃ |
| HSD (50 ppm) | ၂၅၁၉ | ၂၅၉၉ |
| HSD (10 ppm) | ၂၅၃၂ | ၂၆၁၂ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိတ်ဆွေပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ပွဲရှာတတ်သော အရေခြုံမီဒီယာများ၏ လုပ်ကြံသတင်းများနှင့်ပတ်သက်၍ ...

ရဲယံ

**အွန်လိုင်းတွင် “ပွဲပေါ့”ဟု ဆိုလိုက်လျှင် ဘယ်သူ ဘာဖြစ်သည်ဆိုသည်ကို စိတ်ဝင်စားကြသူများက ဒုနဲ့ဒေးပင်။ “ပွဲ” ဟု ဆိုကြသည့် ဖြစ်ရပ်အများစုသည် အမှန်အားဖြင့် လူတစ်ဦးတစ်ယောက်၏ ကိုယ်ရေးကိုယ်တာများနှင့်သက်ဆိုင်သည့် ကိစ္စရပ်များသာ။ အများနှင့်သက်ဆိုင်သည့်ကိစ္စရပ်များကို ဖော်ပြပါကလည်း အကျိုးထက် အပျက်ကို ဦးတည်နေသည်က များသည်သာ။**

**“ပွဲရှာတတ်သည့် မီဒီယာများသည် ဝင်ငွေကောင်းရေးအတွက် ပြည်သူအများ စိတ်ဝင်စားမည့်ကိစ္စရပ်များကို အဓိကပစ်မှတ်ထားကြသည်။ သို့အတွက် လူအများ စိတ်ဝင်စားမှုရှိသည့်၊ လူအများနှင့် သက်ဆိုင်သည့် ရွှေဈေး၊ ငွေဈေး၊ စက်သုံးဆီဈေး၊ နိုင်ငံရေးနှင့်ပတ်သက်သည့် ကောလာဟလများနှင့် သတင်းအမှားများကို အမြဲတစေ ဖန်တီးလုပ်ဆောင်”**

### အရေခြုံမီဒီယာများ သက်ဆိုးရှည်နေ

အွန်လိုင်းသုံးစွဲသူ လူအများအကြား ဆူဆူညံညံ ဖြစ်စေရန် ပွဲရှာပေးခြင်းသည် သတင်းမဟုတ်။ သတင်းအတတ်ပညာဖြင့် အသက်မွေးပြီး ကျင့်ဝတ်လိုက်နာသည့် သတင်းဌာနများသည် ထိုသို့ မလုပ်။ သို့သော် သက်ဆိုင်သည်ဖြစ်စေ၊ မသက်ဆိုင်သည် ဖြစ်စေ “ပွဲပေါ့” ဆိုလျှင်ဝင်ရောက်နွှဲလိုက်ရမှကျေနပ်သည့် လူတချို့ရှိနေသည့်အတွက် ပွဲရှာတတ်သည့် အရေခြုံမီဒီယာများက သက်ဆိုးရှည်နေသည်။

ပွဲရှာတတ်သည့် မီဒီယာများသည် အမှန်တစ်ဆိတ်ကို အမှားတစ်အိတ်နှင့် ရော၍ဖြစ်စေ၊ အမှားချည်းသက်သက်ဖြင့်ဖြစ်စေ သွေးဆူအောင် လုပ်လေ့ရှိသည်။ ငွေကြေးဂယက်က ဘယ်လို၊ ရွှေဈေးဂယက်က ဘယ်လို ဆိုကာလည်း ပွဲရှာတတ်သည်။ လူအများ ဆူဆူညံညံ၊ ပွပွပင်ပင်ဖြင့် ကုန်ဈေးနှုန်းကြီးမြင့်စေမည့်၊ အခြေခံလူတန်းစားကို ထိခိုက်စေမည့်၊ နိုင်ငံကိုထိခိုက်စေမည့် ကိစ္စရပ်များကိုဖန်တီးပြီး အောင်မြင်မှုကိုရှာဖွေတတ်ကြသည်။ ကြည့်ရှုသူများများ၊ ဖြန့်ဝေသူများများဖြင့် ဝင်ငွေကောင်းရေးကိုသာ ဦးတည်တတ်ကြသည်။ (သူတို့၏ အကုသိုလ်ကြောင့် သံသရာမှာ ငရဲသက်က ရှည်မည်ဆိုတာ သိသာသည်။ သို့သော် သူတို့က သိလျက်နှင့် မိုက်တွင်းနက်နေဆဲ။ ဤကားစကားချပ်)

ဝင်ငွေကောင်းရေးအတွက် ပြည်သူအများ စိတ်ဝင်စားမည့် ကိစ္စရပ်များကို အဓိက ပစ်မှတ်ထားကြသည်။ သို့အတွက် လူအများ စိတ်ဝင်စားမှုရှိသည့်၊ လူအများနှင့်သက်ဆိုင်သည့် ရွှေဈေး၊ ငွေဈေး၊ စက်သုံးဆီဈေး၊ နိုင်ငံရေးနှင့်ပတ်သက်သည့် ကောလာဟလများနှင့် သတင်းအမှားများကို အမြဲတစေ ဖန်တီးလုပ်ဆောင်လျက်ရှိသည်။

မီဒီယာစွမ်းအားသည် လူအများကို လွှမ်းမိုးနိုင်စွမ်းရှိသည်၊ အင်အားကြီးမားသည်။ ထိုသို့ အစွမ်းထက်သည့် မီဒီယာကို လူတစ်ဦးတစ်ယောက်မှ အစပြုကာ နိုင်ငံတစ်ခု၏ ကံကြမ္မာအထိ ပြောင်းလဲသွားအောင် မီဒီယာလက်နက်အဖြစ် အသုံးချမှုများ ရှိနေသည်။ အားကောင်းသည့် မီဒီယာစီးကြောင်းတွင် လိုရာပုံဖော်ထားသည့် တင်ဆက်မှုမျိုးစုံကို တင်ပြကြသည်။

မြန်မာနိုင်ငံသည် လူမှုမီဒီယာမျိုးစုံအသုံးပြုမှု များသည်။ မှားယွင်းသော ကောလာဟလများနှင့် သတင်းအမှားများကို ဖြန့်ချိမှုများက လူမှုမီဒီယာများ၌ အများဆုံးတည်ရှိတတ်သည်။ ယင်းသို့ လူများများသုံးသည့်နေရာတွင် ကောလာဟလများ၊ အမှားများက တွင်တွင်ကျယ်ကျယ်ပြန့်လွင့်နေသည်။

ပြီးခဲ့သည့် ရက်ပိုင်းအတွင်းက ပြည်သူများ စိုးရိမ်မှုများဖြစ်ပေါ်စေရန် ရည်ရွယ်ပြီး နိုင်ငံရေးအကျဉ်းသားများနှင့် ပတ်သက်သည့် သတင်းတု၊ သတင်းမှားများကို ပြည်ပသြဇာခံမီဒီယာများက တစ်မျိုးစီ မရိုးအောင် ဖော်ပြထားကြသည်။ အင်းစိန်အကျဉ်းထောင်က နိုင်ငံရေးအကျဉ်းသားများ ထောင်ဝင်စာ အပြည့်အဝ မရဟူ၍ CJ Platform Facebook Page တွင် ဖော်ပြသည်ကတစ်မျိုး၊ သရက်ထောင်အတွင်း ထောင်အရာရှိက မူးယစ်ဆေးဝါးသွင်းပြီး အကျဉ်းသားများကို ပြန်ရောင်းနေသည်ဟုဆိုကာ DVB TV News Facebook page က ဆိုသည်ကတစ်မျိုး၊ သာယာဝတီထောင်တွင် နိုင်ငံရေးအကျဉ်းသားလေးဦး ရိုက်နှက်တိုက်ပိတ်ခံရသည်ဟု ဖော်ပြထားသည့် RFA Burmese Facebook Page ကတစ်မျိုးဖြင့် သတင်းမှားများကို အမျိုးမျိုး ရေးသားဖော်ပြခဲ့ကြသည်။

### လက်တွေ့အမှန် အခြေအနေကို ပြန်လည်ဖြေရှင်းထား

ထိုသို့သော သတင်းမှားများကြောင့် မလိုလားအပ်သည့် စိုးရိမ်မှုများ မဖြစ်ပေါ်စေရန် သက်ဆိုင်ရာတာဝန်ရှိသူများက လက်တွေ့အမှန်အခြေအနေကို ပြန်လည်ဖြေရှင်းထားသည်ကို တွေ့ရသည်။

အင်းစိန်အကျဉ်းထောင်၌ နိုင်ငံရေးအချုပ်သားဟူ၍ မရှိကြောင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ချိုးဖောက်ကျူးလွန်၍ ပြစ်ဒဏ်ကျခံနေရသူများသာ ရှိကြောင်း၊ အကျဉ်းထောင်တွင် ထောင်ဝင်စာပစ္စည်းပေးသည့်စနစ်မှာ အဝင်ဂိတ်တွင်ပေးသည့်သူက ပစ္စည်းစာရင်းနှင့်အတူ မှတ်ပုံတင်ရကြောင်း၊ ဂိတ်အဆင့်ဆင့်တွင် စိစစ်စစ်ဆေးရကြောင်း၊ နောက်ဆုံးကာယကံရှင်ထံ စာရင်းနှင့်တကွ အပ်နှံပြီး လက်မှတ်ရေးထိုးစေကြောင်း၊ ကွဲလွဲမှုရှိသည်ဟု တင်ပြလာပါက ဖြေရှင်းပေးကြောင်း၊ ဝန်ထမ်းများ အနေဖြင့် အလွဲသုံးစားလုပ်၍ မရကြောင်းနှင့် လုပ်ဆောင်ပါက အရေးယူခံရမည့် ဥပဒေ၊ နည်းဥပဒေများရှိကြောင်း သိရသည်။

“အကျဉ်းထောင်မှာ နိုင်ငံရေးအကျဉ်းသား၊ အကျဉ်းသူ၊ အချုပ်သား၊ အချုပ်သူဆိုပြီး ခွဲခြားသုံးနှုန်းတာ မရှိပါဘူး။ အခွင့်အရေးချိုးဖောက်ခံရမှုလည်း မရှိပါဘူး။ အကျဉ်းသားအားလုံးဟာ အကျဉ်းထောင် ဥပဒေ၊ နည်းဥပဒေပါအတိုင်း လိုက်နာနေထိုင်ရမှာဖြစ်ပါတယ်။ အကျဉ်းဦးစီးဌာန ဝန်ထမ်းတွေကလည်း အကျဉ်းထောင် ဥပဒေ၊ နည်းဥပဒေပါအတိုင်း လိုက်နာအုပ်ချုပ်ရမှာဖြစ်ပြီးတော့ ဥပဒေ၊ နည်းဥပဒေကို ကျော်လွန်ပြီး အုပ်ချုပ်ဆောင်ရွက်ခွင့်မရှိပါဘူး”ဟု အင်းစိန်ဗဟိုအကျဉ်းထောင်မှ တာဝန်ရှိသူတစ်ဦးက ဖြေရှင်းပြောကြားသည်။

သရက်ထောင်အတွင်း ထောင်အရာရှိက မူးယစ်ဆေးဝါးသွင်းပြီး အကျဉ်းသားများကို ပြန်ရောင်းသည်ဆိုသည်မှာလည်း သေသေချာချာ စဉ်းစားကြည့်ပါက မဖြစ်နိုင်သည့် အခြေအနေတစ်ခု။ အကျဉ်း ထောင်ဟူသည် ဥပဒေကျူးလွန်ဖောက်ဖျက်သူများကို ဥပဒေ၊ နည်းပဒေနှင့်အညီ စနစ်တကျ အုပ်ချုပ်ထိန်းသိမ်းပြုပြင်ပေးရသည့်နေရာဖြစ်သည်။

### ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်

လက်တွေ့စိစစ်ရာတွင်လည်း မှန်ကန်မှုမရှိဘဲ လက်ထောက်ကြီးကြပ်ရေးမှူး-၁ ရာထူးတာဝန်ယူထားသူသည် ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာ လိုက်နာဆောင်ရွက်တတ်သူ တစ်ဦးပင်။ ဥပဒေ၊ နည်းပဒေနှင့်အညီ စနစ်တကျ အုပ်ချုပ်ထိန်းသိမ်းပြုပြင်ပေးရသည့်နေရာတွင် တာဝန်ထမ်းဆောင်ရသည့်အတွက် စကားပြောဆိုရာတွင် ပြတ်သားစွာ ပြောဆိုတတ်ခြင်းကို အကျဉ်းသားတချို့က ဝန်ထမ်း၏ ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်၍ မဟုတ်မမှန် ပြောဆိုခြင်းများကို ချဲ့ကားရေးသားထားခြင်းသာ ဖြစ်သည်ကို စိစစ်တွေ့ရှိရသည်။

အလားတူ သာယာဝတီအကျဉ်းထောင်အတွင်း နိုင်ငံရေးအကျဉ်းသားများ ရိုက်နှက်တိုက်ပိတ်ခံရပါသည် ဆိုသည်မှာလည်း မှန်ကန်မှုမရှိကြောင်း သိရသည်။

ဖြစ်စဉ်အမှန်မှာ သာယာဝတီအကျဉ်းထောင်အတွင်း အမျိုးသားအိပ်ဆောင် အမှတ်(၄)အိပ်ဆောင်မှ အကျဉ်းသား ခုနစ်ဦးနှင့် အမှတ် (၅) အိပ်ဆောင်မှ အကျဉ်းသား သုံးဦး စုစုပေါင်း ၁၀ ဦးတို့သည် ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်နေ့အထိ ပုံမှန်အတိုင်း ဘုရားဝတ်ပြုခဲ့ကြသည်။ သို့သော် ဇန်နဝါရီလ ၂၇ ရက်နေ့ ဘုရားဝတ်ပြုချိန်များတွင် ဘာသာမဲ့ဟုဆိုကာ ထွက်၍သီးခြားထိုင်နေသဖြင့် ယင်းအကျဉ်းသားများ၏ ထောင်ပုံစံ-၂၁ နှင့် ထောင်ပုံစံ-၃၂ တို့ကို တာဝန်ရှိသူများက ထုတ်ယူစစ်ဆေးရာ “ဗမာ၊ ဗုဒ္ဓဘာသာ”ဟု စာရင်းပေးသွင်းထားသည်ကို တွေ့ရှိရသည်။

ထိုသို့ စာရင်းပေးသွင်းမှုနှင့် ပြောဆိုလုပ်ဆောင်မှုသည် မကိုက်ညီဘဲဖြစ်နေသည့်အတွက် ထောင်၏ ဒုတိယတာဝန်ခံအရာရှိက အခြားအကျဉ်းသား၊ အကျဉ်းသူများ ဘုရားဝတ်ပြုချိန်တွင် ဘေးထွက်ထိုင်နေခြင်းသည် သဘာဝမကျသည့်အပြင် အခြားအကျဉ်းသားများ၏ စိတ်ပိုင်းဆိုင်ရာ အခြေအနေကို ထိခိုက်နိုင်ခြင်း၊ အကျဉ်းထောင်၏ သမားစဉ်လုပ်ငန်းစဉ်နှင့် ဥပဒေနှင့်အညီ ပေးအပ်ထားသည့် အမိန့်၊ ညွှန်ကြားချက်များကို ချိုးဖောက်ရာရောက်ကြောင်းကိုသာ ပြောဆိုဆုံးမခဲ့သည်။ ထိုသို့ ပြောဆိုဆုံးမခဲ့သည့်အတွက် အကျဉ်းသား ၁၀ ဦးမှ ခြောက်ဦးသည် ပုံမှန်အတိုင်း ပြန်လည်ဆောင်ရွက်ခဲ့သည်။ သို့သော် ကျန်သည့် အကျဉ်းသား လေးဦးတို့သည် လိုက်နာခြင်းမရှိခဲ့ပါ။ ယင်းအကျဉ်းသား လေးဦးတို့သည် ကျိုက်မရောနှင့် ဘားအံအကျဉ်းထောင်တို့မှ စည်းပျက်အကျဉ်းသားများအဖြစ် သာယာဝတီအကျဉ်းထောင်သို့ ပြောင်းရွှေ့လာကြသူများလည်း ဖြစ်သည်။

ထိုသို့ လိုက်နာမှုမရှိခြင်းသည် အခြားအကျဉ်းသူ၊ အကျဉ်းသားများပါ ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်လာနိုင်စေသည့်အတွက် အကျဉ်းထောင် လက်စွဲဥပဒေနှင့်အညီ ယင်းအကျဉ်းသား လေးဦးကို ဒေါက်ခြေကျင်းခတ်၍ သီးခြားတိုက်၌ ခုနစ်ရက်ထားသည့် ပြစ်ဒဏ်ချမှတ်ခဲ့သည်။ ဝိုင်းဝန်းရိုက်နှက်ခြင်းများ လုပ်ဆောင်ခဲ့ခြင်းမရှိခဲ့ဟု သိရသည်။ ယင်းအကျဉ်းသား လေးဦးတို့သည် ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် အကျဉ်းထောင်ဥပဒေကို မသိရှိခဲ့၍ လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး အများနည်းတူ လုပ်ဆောင်မည်ဟု သတင်းပို့တင်ပြသဖြင့် ပြစ်ဒဏ်များကို ဖြေလျှော့ပေးခဲ့သည်မှာ အမှန်အခြေအနေဖြစ်သည်။

### ဆူဆူပူပူ၊ မတည်မငြိမ်ဖြစ်စေသည့် ရည်ရွယ်ချက်ကို အစဉ်ဂရုပြုရမည်

ဖြစ်စဉ် တစ်ခုလုံးကို အစအဆုံး အမှန်အတိုင်း ပြည်သူထံ မတင်ပြဘဲ ပြစ်ဒဏ်ချမှတ်ခြင်းကိုသာ အမှားရော၍၊ ကွက်၍ ဖော်ပြခြင်းသည် မလိုလားသည့် အခြေအနေတစ်ခုကို ဖန်တီးခြင်းပင်။ ထို့ကြောင့် ဆူဆူပူပူ၊ မတည်မငြိမ်ဖြစ်စေသည့် ရည်ရွယ်ချက်ကို အစဉ်ဂရုပြုရမည်ဖြစ်သည်။

သတင်းအမှားများကို တုံ့ပြန်ဖြေရှင်းခြင်းသည် ပိုမိုဂရုပြုမိလာစေပြီး ပိုမိုပျံ့နှံ့စေသည်ဟု ဆိုကြသည်။ သတင်းအမှန်ဖြင့် တုံ့ပြန်ဖြေရှင်းသော်လည်း ယုံကြည်ပြီးသား အမှားကို လက်ခံမှုက များသည်ဟုလည်း ဆိုကြသည်။ မည်သို့ပင်ဖြစ်စေကာမူ နိုင်ငံနှင့်လူမျိုး ပျက်စီးရာပျက်စီးကြောင်း ဖော်ပြလာသည့် သတင်းတု၊ သတင်းမှားများကို သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် မဟုတ်မှန်ကြောင်း၊ မှားယွင်းကြောင်း စိစစ်ထုတ်ဖော်ပြောဆိုရမည်ဖြစ်ပြီး သတင်းမှန်၊ ဖြစ်ရပ်မှန်ကို အချိန်နှင့်တစ်ပြေးညီ ပြည့်စုံမှန်ကန်စွာ ပြည်သူထံ ပြန်လည်ပေးအပ်ရမည်ဖြစ်သည်။ သို့ဖြစ်ရာ ပြည်သူများဘက်ကလည်း မြင်မိသမျှ၊ ကြားမိသမျှ သတင်းစာသား၊ ဓာတ်ပုံ၊ ရုပ်ပုံ၊ အသံ စသည်တို့ကို ဟုတ် မဟုတ်၊ မှန် မမှန်နှင့် ရည်ရွယ်ရင်းကို ဆန်းစစ်ဝေဖန်ကြရင်းဖြင့် သတင်းတု၊ သတင်းမှားများကို ပါဝင်တွန်းလှန်ကြရန် ရေးသားတင်ပြလိုက်ရပါသည်။ ။

**“သတင်းအမှားများကို တုံ့ပြန်ဖြေရှင်းခြင်းသည် ပိုမိုဂရုပြုမိလာစေပြီး ပိုမိုပျံ့နှံ့စေသည်ဟုဆိုကြသည်။ သတင်းအမှန်ဖြင့် တုံ့ပြန်ဖြေရှင်းသော်လည်း ယုံကြည်ပြီးသား အမှားကို လက်ခံမှုက များသည်ဟုလည်း ဆိုကြသည်။ မည်သို့ပင်ဖြစ်စေကာမူ နိုင်ငံနှင့်လူမျိုး ပျက်စီးရာပျက်စီးကြောင်း ဖော်ပြလာသည့် သတင်းတု၊ သတင်းမှားများကို သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် မဟုတ်မှန်ကြောင်း၊ မှားယွင်းကြောင်း စိစစ်ထုတ်ဖော်ပြောဆိုရမည်ဖြစ်ပြီး သတင်းမှန် ဖြစ်ရပ်မှန်ကို အချိန်နှင့်တစ်ပြေးညီ ပြည့်စုံမှန်ကန်စွာ ပြည်သူထံ ပြန်လည်ပေးအပ်ရမည်ဖြစ်သည်။ သို့ဖြစ်ရာ ပြည်သူများဘက်ကလည်း မြင်မိသမျှ ကြားမိသမျှ သတင်းစာသား၊ ဓာတ်ပုံ၊ ရုပ်ပုံ၊ အသံ စသည်တို့ကို ဟုတ် မဟုတ်၊ မှန် မမှန်နှင့် ရည်ရွယ်ရင်းကို ဆန်းစစ်ဝေဖန်ကြရင်းဖြင့် သတင်းတု၊ သတင်းမှားများကို ပါဝင်တွန်းလှန်”**

# ခန္တီးမြို့ နန်စီပွန်အထွက်လမ်း(ပထမပိုင်း) ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကျင်းပ




**မုံရွာ ဖေဖော်ဝါရီ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ ဇီးဖြူကုန်းရပ်ကွက် နန်စီပွန်အထွက်လမ်း (ပထမပိုင်း) ကွန်ကရစ်လမ်းသစ် ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းက ကျင်းပသည်။

**ဆောင်ရွက်ပေးလျက်ရှိ**

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က မြို့များ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပြီး လမ်းတံတားလုပ်ငန်းများနှင့် မြို့ရေပေးဝေရေး လုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ပေးလျက်ရှိပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသည်နှင့် အမျှ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး၊ အခန်းကဏ္ဍများလည်း တစ်ဆက်တည်း ပိုမိုကောင်းမွန်လာမည်ဖြစ်ပါကြောင်း၊ ယနေ့ ခန္တီးမြို့တွင် ဖွင့်လှစ်သည့် နန်စီပွန်အထွက်လမ်းသည် ခန္တီးမြို့နှင့် ရတနာထွက်ရှိရာ နန်စီပွန်ဒေသနှင့် ဆက်သွယ်ထားသော အဓိကလမ်းတစ်လမ်းဖြစ်ပြီး ယခုဘဏ္ဍာနှစ်တွင် အရှည်ပေ ၁၇၀၀၊ အကျယ် ၁၄ ပေ ကွန်ကရစ်လမ်းသား ဒုကိုးလက်မဖြင့် ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ပြည်သူများ၏ လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးလျက် ရှိရာတွင် ခန္တီးမြို့၌ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် စိမ့်စမ်းရေမှ ရေစုဆောင်း၍ ဆိုလာစနစ်ဖြင့် ရေပေးရေးလုပ်ငန်းအား လည်းကောင်း၊ ကမ်းနားတစ်လျှောက် သာယာလှပရေးအတွက် စတီးလက်ရန်း တပ်ဆင်ခြင်းနှင့် ကွန်ကရစ်ခင်းခြင်းအား လည်းကောင်း၊ We Love Hkamti ဆိုင်းဘုတ်များ ဆောင်ရွက်ခြင်းအားလည်းကောင်း ဆောင်ရွက်ပေးခဲ့ပြီး ယခုဘဏ္ဍာနှစ်အတွင်း ခန္တီးမြို့၌ စုစုပေါင်းအရှည် တစ်မိုင် လေးဖာလုံရှိသည့် ကွန်ကရစ်လမ်း ၁၁ လမ်း၊ အရှည် ပေ ၇၀၀ ရှိ မြေသားလမ်း တစ်လမ်း၊ Box Culvert ခြောက်စင်း၊ ကွန်ကရစ်ရေမြောင်း ရှစ်ခု၊ ရေပေးရေးလုပ်ငန်း ခုနစ်ခု စုစုပေါင်း လုပ်ငန်း ၃၃ ခုကို ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ စစ်ဗျူဟာအဖွဲ့အခြေချ (ခန္တီး)မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး မြင့်မောင်မောင်၊ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသစ်ထူးမြင့်နှင့် ခန္တီးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုးမိုးတို့က လမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ခန္တီးရှမ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့နှင့် အကအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

❖



မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ်မီးသတ်တပ်ဖွဲ့ မြို့နယ်မီးသတ်ဦးစီးမှူး ဦးနိုင်မိုး၊ အရန်မီးသတ်တပ်ဖွဲ့ ဒုတပ်ရင်းမှူး ဦးသာဌေးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ဖေဖော်ဝါရီ ၁၄ ရက်က ရှောလီဝိုင်းရပ်ကွက်ရှိ အရှေ့ရွာကျောင်းကြီးကျောင်းတိုက် ဆရာတော်ထံသို့ နဝကမ္မအလှူငွေနှင့် 3 KG မီးသတ်ဆေးဘူး လှူဒါန်းစဉ်။ သတင်းစဉ်



မိတ္ထီလာခရိုင် မီးသတ်ဦးစီးဌာနက ဖေဖော်ဝါရီ ၁၅ ရက်တွင် မိတ္ထီလာမြို့နယ် ကန်တောင်ကျေးရွာနှင့် ပျဉ်သာကျေးရွာတို့ရှိ ဆံပင်ရောင်းဝယ်ရေးအလုပ်ရုံအား မီးဘေးကြိုတင်ကာကွယ်ရေး လိုက်လံစစ်ဆေးစဉ်။ ခရိုင်မီးသတ်

# ရမည်းသင်းမြို့နယ်၌ ရမည်းသင်း-မန္တလေး အဝေးပြေးလမ်းမကြီးများဆိုင်ရာ အထူးခရီးသွားအာမခံလုပ်ငန်း သဘောတူနားလည်မှုစာချုပ်ချုပ်ဆို

**ရမည်းသင်း ဖေဖော်ဝါရီ ၁၅**

မန္တလေး တိုင်းဒေသကြီး ရမည်းသင်းခရိုင် မြန်မာ့အာမခံလုပ်ငန်းနှင့် ရမည်းသင်းမြို့ ရွှေစည်တော် အဆင့်မြင့်ခရီးသွားပို့ဆောင်ရေးတို့သည် ခရီးသွားပြည်သူတို့ အကျိုးပြုနိုင်ရန် အဝေးပြေးအမြန်လမ်းမကြီးများဆိုင်ရာ ယာဉ်လိုင်းများ အထူးခရီးသွားအာမခံလုပ်ငန်း သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်းကို ယမန်နေ့နံနက်က ရမည်းသင်းမြို့ မော်တော်ယာဉ် လိုင်းပေါင်းစုံရုံး၌ ကျင်းပသည်။



အဆိုပါယာဉ်လိုင်းများ အထူးခရီးသွား အာမခံလုပ်ငန်းချုပ်ဆိုရာတွင် ခရီးသွားပြည်သူများ အကျိုးငှာ ခရီးသွားပြည်သူတစ်ဦးလျှင် ပရီမီယံကျပ် ၃၀၀ ကျခံရပြီး ခရီးစဉ်အတွင်း မတော်တဆ ထိခိုက်မှုဖြစ်ပေါ်ပါက နစ်နာမှုအပေါ် မူတည်ပြီး ကျပ်သိန်း ၃၀ ထိ အကျိုးခံစားခွင့်ရမည်ဖြစ်ကြောင်း သိရသည်။

အထူးခရီးသွားအာမခံလုပ်ငန်း ရမည်းသင်း-မန္တလေး ခရီးသည်ပို့ဆောင်ရေး နှစ်ဦးသဘောတူစာချုပ်ကို ရမည်းသင်းခရိုင်မြန်မာ့အာမခံလုပ်ငန်း ခရိုင်တာဝန်ခံ ဒေါ်သဇင်ကြည်၊ အာမခံဝန်ထမ်းနှစ်ဦးနှင့် ရမည်းသင်းမြို့ ရွှေစည်တော် အဆင့်မြင့် ပို့ဆောင်ရေး ဥက္ကဋ္ဌ ဦးအေးကျော်နှင့် ဒုတိယဥက္ကဋ္ဌ ဦးဝင်းရွှေတို့က ကတိစာချုပ်ချုပ်ဆိုခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဥတ္တရခရိုင် ပြည်သူ့စာကြည့်တိုက်၌ ဒစ်ဂျစ်တယ်ဆိုင်ရာသိနားလည်မှု သင်တန်းဖွင့်လှစ်

**ဥတ္တရသီရိ ဖေဖော်ဝါရီ ၁၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ ဒစ်ဂျစ်တယ်ဆိုင်ရာ သိနားလည်မှု(Digital Literacy)သင်တန်းကို ယမန်နေ့နံနက်ပိုင်းက ဖွင့်လှစ်သင်ကြားခဲ့သည်။

အဆိုပါသင်တန်းတွင် နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဒေါ်ခင်မာဖြူက သင်တန်းဖွင့်လှစ်သင်ကြားပေးရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားပြီး သင်တန်းတွင် သင်ကြားပို့ချမည့် သင်ခန်းစာများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ဒုတိယတိုင်းဦးစီးမှူးက ဒစ်ဂျစ်တယ်နည်းပညာနှင့် အသုံးပြုပုံများအကြောင်း၊ ကွန်ပျူတာအမျိုးအစားများ၊ Application များအကြောင်း၊ အင်တာနက်ချိတ်ဆက်မှုအကြောင်း၊ ရှာဖွေရေးအင်ဂျင်(Search Engine)များအကြောင်း၊ မူပိုင်ခွင့်ရှိနိုင်သော Content များအကြောင်း၊ အင်တာနက်ပေါ်ပေါက်လာပုံ၊ Email အမျိုးအစား၊ လူမှုမီဒီယာ(Social Media)အသုံးပြုခြင်းနှင့် ဒစ်ဂျစ်တယ်ခြေရာ(Digital Footprint)များအကြောင်းတို့ကို အသေးစိတ် ရှင်းလင်းသင်ကြားပေးခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဥတ္တရခရိုင်အတွင်းမှ အရာထမ်း၊ အမှုထမ်းဝန်ထမ်းများအား ဖေဖော်ဝါရီ ၁၄ ရက်မှ ၁၅ ရက်အထိ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**ရွှေပင်လယ်**



# ထန်းတပင်မြို့နယ်၌ Mobile Payment အသုံးပြု၍ ချေးငွေထုတ်ချေး

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျေးရွာများအား Mobile Financial Payment အသုံးပြု၍ ချေးငွေထုတ်ယူခြင်း အစီအစဉ်ကို ဖေဖော်ဝါရီ ၁၅ ရက်က ဘုးသန္တတ်ကျေးရွာအုပ်စု ရခိုင်စုကျေးရွာတွင် ဆောင်ရွက်ပေးခဲ့သည်။



ထိုသို့ ဆောင်ရွက်ပေးရာတွင် မြန်မာနိုင်ငံသားများဘဏ်(Citizin Pay)မှ တာဝန်ရှိသူများက လာရောက်ဆောင်ရွက်ပေးခဲ့ကြပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းဦးကြည်၊ ဦးစီးအရာရှိ ဒေါ်စန်းစန်းမော်နှင့် ဝန်ထမ်းများက ကြီးကြပ်ဆောင်ရွက်ပေးခဲ့သည်။

ချေးငွေထုတ်ယူရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အသက်မွေးဝမ်းကျောင်းဆောင်ရွက်သူ စုစုပေါင်း ၈၇ ဦးတို့က ငွေကျပ် ၃၅ ဒသမ ၅ သိန်းကို ချေးယူခဲ့ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

## “ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း”

**ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ လှည်းကူးမြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု-ငါးဆူတောင် (၅)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်- ၅/၁၀/၁၆၊ အမှတ် - ၅၃ ဟုခေါ်တွင်သော အကျယ်အဝန်း (၈၀ ပေ x ၁၀၀ ပေ) ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အိုးအိမ်ဦးစီးဌာနတွင် ဦးထွန်းလွင် (CZN - ၁၁၃၄၄၇) အမည်မှတ်သားထားလျက်ရှိသော** မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား (၁၀-၁-၂၀၁၄) ရက်စွဲပါ ဆက်စပ်စာချုပ်အရ ရောင်းသူ ဦးသန်းထိုက် (HGU - ၁၂၂၈၈၉) မှ အရှုပ်အရှင်းကင်းရှင်းစွာဖြင့် ရောင်းချပိုင်ခွင့်ရှိသည့် မြေကွက်အား ဝယ်ယူရန်ကျွန်ုပ်၏မိတ်ဆွေမှ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်သည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းသင်းမော်**
**တရားလွှတ်တော်ရှေ့နေ (စဥ် - ၈၁၂၆)**
**အမှတ် (၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၅၁) လမ်းနှင့် (၅၂)လမ်းကြား၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၅၀၀၃၁၂၉၂**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)
## ဒဂုံမြို့သစ်ခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၇၃

ဒေါ်မော်မော်ထွန်း နှင့် ဦးထွန်းထွန်း
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂) ရပ်ကွက်၊ ကင်းဝန်(၃)လမ်း၊ အမှတ်(၄၈၂)နေ ဦးထွန်းထွန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်မော်မော်ထွန်းက အိမ်နှင့်မြေ လက်ရောက်ပြန်လည်ရလိုမှု(သို့မဟုတ်)ငွေကျပ်သိန်း (၁၀၀၀)ရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက် (၁၃၈၅ ခုနှစ် တပို့တွဲလဆုတ် ၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူ ဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(လုဦး)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**ဒဂုံမြို့သစ်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၈)၊ ဓမ္မသုခလမ်း၊ မြေကွက်အမှတ်(၆၈၈)ဟုခေါ်တွင်သော (အလျား၄၀ပေxအနံ၆၀ပေ) အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေကွက်၏ တရားဝင်မခွဲစိတ်ရသေးသော ခေါင်းရင်းဘက်ခြမ်း၊ မြေကွက်အမှတ်(၆၈၇)နှင့် ကပ်လျက်ဘက်ခြမ်း၊ (အလျား၂၂ပေx အနံ ၆၀ပေ)အကျယ်အဝန်းရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်ပိုင်ဆိုင်ထားသူ ဒေါ်ခင်မြိုင် [၁၂/သဃက (နိုင်)၀၂၆၁၄၇] (WAW- ၀၃၁၀၁၀)မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ခိုင်မွန်စိုး [၁၄/မအန(နိုင်)၁၃၀၇၅၁]မှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမောင်မောင်ချစ်(စလင်း) LL.B** | **ဒေါ်မိုးယုနွယ်** |
| **တရားလွှတ်တော်ရှေ့နေ(စဥ်-၇၇၄၇)** | **တရားလွှတ်တော်ရှေ့နေ(စဥ်-၁၃၉၂၄)** |
| **Ph-09954280932** | **LL.B, D.B.L, D.I.L, D.M.L,** |
| **အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊** | **WIPO(Switzerland)** |

**(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ Ph:09-420080932, 09-983837110**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြားလမ်း၊ အမှတ်(၂၅/A)ရှိ၊ အခန်းအမှတ် Level- 4(3rd Floor F) (718-Sqft)ရှိ ကွန်ဒိုတိုက်ခန်း(၁)ခန်းနှင့် အဆိုပါကွန်ဒိုတိုက်ခန်း၏ ပိုင်ဆိုင်ခွင့်အရပ်ရပ်ကို ဒေါ်ခင်သိင်္ဂီစိုး [၁၂/ကမတ(နိုင်)၀၅၁၂၅၀]မှ ပိုင်ဆိုင်ခွင့်ရှိပြီး ၎င်း၏ကိုယ်စား ၎င်း၏ခွင့်ပြုခြင်းဖြင့် စောအောင်ကိုကိုဝင်း (ဘ) ဦးခင်မောင်ဝင်း[၁၁/သတန(နိုင်) ၀၅၈၅၆၂]မှ အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ပိုင်းကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်အရ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသည့် စာချုပ်စာတမ်း၊ စာရွက်စာတမ်းအထောက်အထားများနှင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို နှစ်ဖက်သဘောတူညီချက်အတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စန္ဒာမိုး(မမိုးလေး)**
**LL.B, D.B.L**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၇၆၈၁)**
**တိုက်(၁၈)၊ ဒုတိယထပ်၊ ရွှေလောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၅၁၆၅၇၂၄၊ ၀၉-၇၉၈၈၄၅၉၈၄**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ စ-ရပ်ကွက်၊ အကွက်အမှတ် ထထ-၁၊ ဦးပိုင်အမှတ်(၇၆)/၆၁x၆၂ကြား၊ ဘုရင့်နောင်xကျန်စစ်သားလမ်းကြားရှိ ဦးလှငွေ အမည်ပေါက် တောဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်-(၁၁၈၀/၁၉၉၈)ဖြင့် အမွေဆက်ခံခဲ့သည့် ဒေါ်ခင်သန်းနွဲ့[၉/မနမ(နိုင်)၀၆၄၁၄၄]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၀၁၀၄/၂၀၂၃) ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးသိန်းထွန်းမြင့်[၉/မရမ(နိုင်)၀၀၅၆၂၇]က တောဂရန်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ အောင်မင်္ဂလာ(၂)လမ်း၊ အမှတ်(၇)၊ (၁)ခန်းတွဲ(၅)ထပ်တိုက်၏ မြေညီထပ်၊ အကျယ်အဝန်း(၁၉ x ၄၀)ပေရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်၍ တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဒေါ်လှလှနွယ်[၁၂/ခရန(နိုင်)၁၁၂၇၇၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မင်းမင်းအေး [၁၂/မရက(နိုင်)၁၂၀၆၀၈]က အပြီးအပိုင်ဝယ်ယူရန် တိုက်ခန်းတန်ဖိုး၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော တရားဝင်စာရွက်စာတမ်းမူရင်းများနှင့်အတူတကွ ကျွန်ုပ်ထံသို့ ယနေ့သတင်းစာကြေညာသည့်နေ့မှ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဉာဏ်မင်းထက်(LL.B)** | **ဒေါ်ယုဇနကို(LL.B)** |
| **အထက်တန်းရှေ့နေ(စဥ်-၅၂၃၁၂)** | **အထက်တန်းရှေ့နေ(စဥ်-၅၂၇၄၆)** |

**အမှတ်(၂၈၀/က)၊ ညီညွတ်ရေးလမ်း၊ (၃၈)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။**
**ဖုန်း-၀၉-၉၇၇၁၂၈၁၃၈၊ ၀၉-၄၂၀၀၉၉၄၆၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာချက်

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဘုန်းတော်တိုးရပ်ကွက်-၄၁၈၊ ဦးပိုင်အမှတ် ၁၇-က ဒေါ်စန်းစန်းဟန်အမည်ဖြင့် ဂရန်အမည်ပေါက်မြေကွက်အတွင်းရှိ အလျားxအနံ၁၅ပေx ၄၀ပေအကျယ် အိမ်ခြံမြေနှင့် အိမ်ခြံမြေပေါ်ရှိ နှစ်ထပ်အုတ်ညှပ် တိုက်အပါအဝင် အိမ်ခြံမြေနှင့် ပတ်သက်သည့် ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟုဆိုသူ ဦးရဲမြင့်[၉/ပသက(နိုင်)၀၃၄၃၀၉]ထံမှ ကာလပေါက်ဈေးဖြင့် ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေ ဒေါ်ကြူကြူဆွေက ရောင်းဖိုးငွေများ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်အားပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် စပ်လျဉ်း၍ ပိုင်ဆိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရဲမာန်မြတ်ဆွေ(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၅၁၅၆)**
**အောင်မြေသာဇံမြို့နယ်၊ ဘုန်းတော်တိုးရပ်၊ မန္တလေးမြို့။**
**ဖုန်း-၀၉-၂၅၄၉၆၉၀၉၂**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ရှမ်းပြည်နယ်၊ ဟိုပုံးခရိုင်၊ ဆီဆိုင်မြို့နယ်၊ လွယ်ပွတ်ကျေးရွာအုပ်စု၊ တွေပူးကျေးရွာနေ ဦးခွန်ဉာဏ်ဝင်း (ဘ) ဦးအောင်သာ [၁၃/ဆဆန(နိုင်) ၀၄၁၃၂၈]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ဦးခွန်ဉာဏ်ဝင်း (ဘ) ဦးအောင်သာ [၁၃/ဆဆန(နိုင်)၀၄၁၃၂၈]နှင့် ဒေါ်နန်းချို(ဘ) ဦးထွန်းဖေ့ [၁၃/ဆဆန(နိုင်)၀၄၀၀၅၄]တို့၏ သား ခွန်ရဲသွေး (ဘ)ဦးခွန်ဉာဏ်ဝင်း [၁၃/ဆဆန(နိုင်)၁၄၇၉၈၂]သည် မိဘများ၏ ဆိုဆုံးမသွန်သင်မှုကို မနာခံဘဲမိဘများ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် ပြုမူနေသူဖြစ်ပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ဦးခွန်ဉာဏ်ဝင်းနှင့် ဒေါ်နန်းချိုတို့၏ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ခွန်ရဲသွေးနှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမှ လုံးဝ(လုံးဝ)မိဘ၊ ညီအစ်ကိုမောင်နှမများက တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးညီညီသော်လင်း ( LL.B )** | **ဦးခွန်ထွန်း ( LL.B )** |
| **အထက်တန်းရှေ့နေ (စဥ်- ၅၁၈၄၂)** | **အထက်တန်းရှေ့နေ (စဥ်- ၅၃၃၇၇)** |

**အမှတ် (၁၀၅/က)၊ မင်းရဲကျော်စွာ(၇)လမ်း၊ (၇)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉- ၇၉၃၈၁၃၉၈၅၇၊ ၀၉- ၇၈၂၃၃၂၆၅၅**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၉/က)၊ မဟာသုခလမ်း၊ မြေကွက်အမှတ်(၃၇၁/က)ဟုခေါ်တွင်သော အကျယ်အဝန်း(၂၁'x၆၀')ရှိ ဒေါ်စန်းစန်းဝင်း အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်ဖြစ်ပြီး၊ အမှတ်(၃၇၂/ခ)နှင့် ကပ်လျက်ဘက်ခြမ်းဖြစ်သော အကျယ်အဝန်း(၁၀'x၆၀')ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော တိုက်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်နန်းဝါလှိုင်[၁၂/ဒဂတ(နိုင်)၀၆၅၉၅၀] ကိုင်ဆောင်သူမှ တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ထုတ်ဖော်ဝန်ခံကတိပြုပြီး ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဦးခင်မောင်စိုး [၁၂/ဗဟန(နိုင်)၀၇၃၀၅၈]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ် ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်မြမြဝင်း (LL.B)** | **ဒေါ်စိမ့်စိမ့်သင်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဥ်-၁၀၀၁၈)** | **အထက်တန်းရှေ့နေ(စဥ်-၂၆၆၄၅)** |

**အမှတ်(၅၃၇/ခ)၊ ဥယျာဉ်လမ်း၊ (၁၉)ရပ်ကွက်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph:09-783067730**

**မိဘမေတ္တာ**
**ဒဂုံမြို့သစ်ဆိပ်ကမ်း အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း ရွှေပေါက်ကံမြို့နယ်ရှိ မြေကွက်များ ဈေးကောင်းပေးဝယ်လိုသည်။**
**09 422 848 224**

**★STAR★**
**ဒဂုံမြို့သစ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။**
**09-43088052**
**09-260660405**
**09-421067330**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ၃၅ လမ်း၊ တိုက်အမှတ်(၂၁၈/၂၂၀)၊ အခန်းအမှတ်(၄၀၁)ကို မူလ အမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်နွဲ့ရီ [၁၂/ကတတ(နိုင်)၁၂၄၉၈၇]ထံမှ ပြန်လည်ဝယ်ယူထားသူ ဦးဟိန်းမြင့်သိန်း[၁၂/ပဘတ(နိုင်)၀၃၄၁၃၈]က ၎င်းအမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်ပြုလုပ်ပေးပါရန် ဌာနသို့ လျှောက်ထားလာပါသည်။ ထုတ်ပေးရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက် (၁၄) ရက်အတွင်း စာရွက်စာတမ်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး**
**ဦးစီးဌာန**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ အမှတ်(၂)လမ်းမကြီးအား (၆)လမ်းသွားတိုးချဲ့ရာတွင်လမ်းနှင့်လွတ်ကင်းမှုမရှိသော ဓာတ်အားလိုင်းတိုင်များကို ရွှေ့ပြောင်းတည်ဆောက်ခြင်း (Deposit Work) လုပ်ငန်းအား ပုတ်ပြတ် (ပစ္စည်း+လုပ်အားခ) (Turnkey) စနစ် မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်ခြင်း ၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတွင် အသုံးပြုရန်အတွက် HT မီတာ(၂၀၀)လုံးဝယ်ယူခြင်း တို့အား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

၂။ တင်ဒါပုံစံ နှင့် အချက်အလက်များကို ဌာနမှ သတ်မှတ်နှုန်းထားအတိုင်း (၁၆.၂.၂၀၂၄)ရက်နေ့မှစတင်ဝယ်ယူ၍သတ်မှတ်ရက်အတွင်းလျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ(၂၉.၂.၂၀၂၄) (၁၄:၀၀) နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်းနံပါတ် - ၀၁ ၂၂၀၈၁၆ သို့ ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မန္တလေးရပ်ကွက်၊ အကွက်အမှတ်-၃၆ မန္တလေး၊ ဦးပိုင်အမှတ်-(၁၀၂/က)၊ မြေအမျိုးအစား-မြို့မြေ၊ ဧရိယာ-၀.၀၄၂ဧကရှိမြေနှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့မှာ မော်လမြိုင်မြေစာရင်းရုံးတွင် မော်လမြိုင်မြို့၊ မန္တလေးရပ်ကွက်၊ တပ်မြေအနောက်လမ်း၊ အမှတ်(၁၆)နေ (ဘ) ဦးအောင်သန်း၏ သမီးဖြစ်သူ ဒေါ်နူရ်ဂျန်ဘီ(ခ)သက်ချိုဦး[၁၂/မဂတ(နိုင်)၀၆၇၀၅၃]၏အမည်ဖြင့် မှတ်သားတည်ရှိပြီး အိမ်မြေနှင့်အကျိုးခံစားခွင့်တို့ကို အမည်ပေါက်ပိုင်ရှင်ဖြစ်သူမှ ၎င်းကမိမိသာလက်ရှိထားပိုင်ဆိုင်ကြောင်း ဝန်ခံအဆိုပြုပြီး ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဇာနည်စိုး[၁၀/ပမန(နိုင်)၂၂၁၀၂၇]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် သဘောတူညီသဖြင့် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေများအနက် အချို့ကိုစရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါအိမ်မြေကွက်အား အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို တည်ဆဲဥပဒေများနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသီဟထွန်း(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၉၀၈၆)**
**အမှတ်(၅)၊ စွန်းလွန်းလမ်း၊ တောင်ဝိုင်း၊ ဈေးကြိုရပ်၊ မော်လမြိုင်မြို့။**
**ဖုန်း ၀၉-၂၆၄၉၄၆၅၁၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၁)လမ်း၊ အမှတ်(၅၀)၊ (၃)ထပ်ခွဲတိုက်၏ ဒုတိယထပ်(၃)လွှာ(ခေါင်းရင်းခန်း)(ဘယ်)၊ အကျယ်အဝန်း (၁၂.၅x၅၀)ပေရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်၍ တရားဝင်လွှဲပြောင်း ရောင်းချခွင့်ရှိသူ ဒေါ်သွယ်သွယ်ထွန်း[၁၂/တမန(နိုင်)၀၅၁၀၅၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ရည်မွန်မြင့်[၁၂/ရပသ(နိုင်)၀၆၅၉၀၈]က အပြီးအပိုင်ဝယ်ယူရန် တိုက်ခန်းတန်ဖိုး၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော တရားဝင်စာရွက်စာတမ်းမူရင်းများနှင့်အတူတကွ ကျွန်ုပ်ထံသို့ ယနေ့သတင်းစာကြေညာသည့်နေ့မှ(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဉာဏ်မင်းထက် (LL.B)** | **ဒေါ်ယုဇနကို(LL.B)** |
